စပါးကိုင်းကျေးရွာအုပ်စု၊ ထန်းပင်ကွင်း(တောင်)ကျေးရွာ
တိုက်ကြီးမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(၂၀၁၇ - ၂၀၂၁)

ပြုစုရေးဆွဲသူ
စပါးကိုင်းကျေးရွာအုပ်စု၊ ထန်းပင်ကွင်း(တောင်)ကျေးရွာ၊ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
စပါးကိုင်းကျေးရွာအုပ်စု၊ ထန်းပင်ကွင်း(တောင်)ကျေးရွာ၊ တိုက်ကြီးမြို့နယ်
(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့်
ကျေးလက်နေပြည်သူများမှ ကူညီရေးဆွဲသည်။

၂၀၁၇ ခုနှစ်၊ ဧပြီလ

မာတိကာ

မာတိကာ ၁

စကားချီး ၅

စပါးကိုင်းကျေးရွာအုပ်စု၊ ထန်းပင်ကွင်း(တောင်)ကျေးရွာသယံဇာတပြဓမ္မပုံ၊ တိုက်ကြီးမြို့နယ် ၇

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် အစီအစဉ် **၈**

(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၈

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၁၀

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၀

(က) လူဦးရေဆိုင်ရာ အချက်လက်များ

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေးနှင့် အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျား-မ ရေးရာကိစ္စဆိုင်ရာ

(၄) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၃

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၇

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၁၉

(၇) ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့် အထက်အဆင့်မှ ကူညီဖြေရှင်းပေးရမည့် ကိစ္စများ ၂၀

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလ ၂၂

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

(ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

(ဂ) ဦးစားပေးစီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ
(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၇
(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ ၂၉
(က) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်
အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ
(၁၁) စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း ၃၀
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ

နောက်ဆက်တွဲ

နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ ၃၀

(၁) လူမှုစီးပွားရေး အခြေအနေ
ဇယား ၁ လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား ၂ လုပ်သား အင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား
ဇယား ၃ လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား
ဇယား ၄ ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု
ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ
ဇယား ၆ ဥစ္စာဓနအဆင့်အခြေအနေ
ဇယား ၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ
ဇယား ၈ ကူညီ စောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ
ဇယား ၉ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု
(၂) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၃ ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား ၁၄ ကျေးရွာ၏ ရေရင်းမြစ်နှင့် ရေသွင်းဧရိယာ
ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား ၂၀ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၁ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ

ဇယား ၂၂ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၃ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့်အခက်အခဲများ
ဇယား ၂၄ ရွှေပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ
ဇယား ၂၅ ရွှေပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း
ဇယား ၂၆ ရွှေပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ
ဇယား ၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၉ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ
ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း
ဇယား ၃၁ ကျောင်းတက်နှုန်း
ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ ပညာရေး အခက်အခဲနှင့် ပြဿနာများ
ဇယား ၃၄ အဖြစ်များသော ရောဂါများ
ဇယား ၃၅ လွန်ခဲ့သော ၁၂ လ အတွင်း ကာကွယ်ဆေး ထိုးနှံမှု
ဇယား ၃၆ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၃၇ သောက်သုံးရေ ရရှိနိုင်မှု
ဇယား ၃၈ အိမ်သာ အမျိုးအစား
ဇယား ၃၉ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ
ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ
ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ
ဇယား ၄၂ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၄၅ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ
ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေးအခြေအနေ
ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု
ဇယား ၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ

နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်း များ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ ၆၇

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

နောက်ဆက်တွဲ (၃)ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာဆန်းစစ်ခြင်းမှ ဖြေရှင်းနည်းအထိ) ၇၀

ကိုးကားစာရင်း ၇၅

စကားရှိုး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၆/၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀/၂၀၂၁ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူအများ ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက် ရေးအတွက် လိုအပ်သောနည်းပညာများပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေး ရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများစုနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင် ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ် ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲ ရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်း အချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာ ပံ့ပိုးမှု တို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကိုမူဘောင် အတွင်းပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင် ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန် အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ ရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများ ဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏ အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။

၈ပြီလ၊ ၂၀၁၇

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ထန်းပင်ကွင်း(တောင်)ကျေးရွာ
တိုက်ကြီးမြို့နယ်

စပါးကိုင်းကျေးရွာအုပ်စု၊ ထန်းပင်ကွင်း(တောင်)ကျေးရွာသယ်ဇာတပြမြေပုံ၊ တိုက်ကြီးမြို့နယ်



အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာနှင့် လုပ်ငန်းအစီအစဉ်

၁။ နိဒါန်း

(က) ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲခြင်းသည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့ အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်း အတွေ့အကြုံများကို လေ့လာ သုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းများရေးဆွဲ အကောင်အထည်ဖော်မည့် အစီ အစဉ်သစ် ဖြစ်ကြောင်းသိရှိရပါသည်။

ကျေးရွာဖွံ့ ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း

ကျွန်ုပ်တို့၏ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲခြင်းကို နိုင်ငံတော်၏ အကူ အညီဖြင့်ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုး ရေးအစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ဖွံ့ဖြိုး ဆိုင်ရာကိန်းဂဏန်း၊ သတင်းအချက် အလက်များပြုစုရန် အရေးကြီးပုံကို အလေးထား မိလာကြ ပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင် အထည်ဖော်ရန် လိုအပ်သော နည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့ နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့် အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုး ဖြစ်စေသော အချက်များနှင့် အဟန့်အတားဖြစ်စေသော အချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင် ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာ အနေနှင့် ဆောင်ရွက်မည့်နည်းဗျူဟာများ၊ စီမံချက် များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သော အရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေး မိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့ အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့် ပါသည်။

နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီ များကိုစုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့် တိုင်း အဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိက ကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏ လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာ ဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင် ရွက်လာနိုင်မည်ဖြစ် သည်။

အစိုးရမဟုတ်သော အဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင် ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များ အနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန် တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေး မိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင် အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက် မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲခြင်းများကို မြို့နယ်အဆင့်တွင် ပေါင်းစပ် ညှိနှိုင်း စီစဉ်မှုများပြုလာနိုင်ပါမည်။

(ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင် သောငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှရနိုင်မည့် အကူအညီများကို အခြေခံ ကာဦးစားပေး စီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေး အမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင် ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ ဖြင့်လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေး ရွာလူထု၏ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာ ရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေ ကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများ ရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည် ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်း နိုင်မည့်စီမံကိန်းများကို ဦးစားပေး ရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ် သော အရင်းအနှီးများပြည့်စုံမှုပေါ် မူတည်၍ နောင်တွင်တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုးဖြစ်ပါသည်။

၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

ကျေးရွာသည် ရန်ကုန်-ပြည် ကားလမ်း၏ အနောက်ဘက်တွင်တည်ရှိပြီး အုပ်ချုပ်ရေးရုံး စိုက်ရာ တိုက်ကြီးမြို့နှင့် ဆက်သွယ်သွားလာရ လွယ်ကူသည်။ ကျေးရွာသည် မြေပြန့်ဒေသတွင် တည်ရှိပြီး အဓိက အသက်မွေးဝမ်းကျောင်းလုပ်ငန်းများမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်သည်။ ဒေသ၏ တစ်နှစ်ပျမ်းမျှမိုးရေချိန် ၈၀ လက်မမှ ၁၀၀ လက်မ ဝန်းကျင်တွင်ရှိပြီး စိုက်ပျိုးရေးလုပ်ငန်းများ အတွက် များစွာအထောက်အကူပြုပါသည်။ ကျေးရွာတည်ရှိရာသည် ကုန်းတွင်းပိုင်းတွင်တည်ရှိပြီး ကျေးရွာအနီးတွင် ချောင်း၊ မြောင်း၊ အင်းအိုင်များ၊ ဆည်မြောင်းများ၊ စားကျက်မြေများရှိသည်။ လယ်ယာမြေများသည် စပါးအဓိကစိုက်ပျိုးရန်နှင့် အသက်မွေးဝမ်းကျောင်းရန်တို့အတွက် အဓိက အားထားရာဖြစ်သည်။ မြေနိမ့်ပိုင်းရှိ လယ်ယာမြေအချို့သည် ရေကြီးရေလွှမ်းဒဏ်ကြောင့် ပျက်စီး ဆုံးရှုံးမှုများရှိသော်လည်း အနည်းအကျဉ်းသာဖြစ်သည်။ သို့သော်လည်း ရေကြီးလွှမ်းမိုးမှု အန္တရာယ် မှာရှိနေဆဲ ဖြစ်ပါသည်။

(ခ) သဘာဝအရင်းအမြစ်

လယ်ယာမြေ အသင့်အတင့်ရှိကြပြီး အချို့မှာ မြေပြန့်ဒေသဖြစ်ကာ မြေနိမ့်ပိုင်းတွင်လည်း အသင့်အတင့်ရှိသည်။ မြေဆီလွှာအသင့်အတင့် ကောင်းမွန်သည်။ ကျေးရွာတွင် သဘာဝသယံဇာတ မထွက်ရှိပါ။ တောင်သူအချို့မှာ နွေအခါတွင် တဘူးလှရေလှောင်တမံမှ ဆည်ရေဖြင့် (၂၈၃)ဧကခန့် ကိုရေသွင်းစိုက်ပျိုးနိုင်သည်။ ထွန်ယက်စိုက်ပျိုးနိုင်သည့်ဧက စုစုပေါင်းမှာ(၂၉၈.၅၀)ဧကရှိပြီး စပါး ကို အများဆုံး စိုက်ပျိုးကြပြီး မတ်ပဲကို အနည်းငယ်သာ စိုက်ပျိုးကြသည်။

၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

(က) လူဦးရေဆိုင်ရာ အချက်အလက်များ

အိမ်ထောင်စုပေါင်း (၁၁၄)စုနှင့် ကျား(၂၇၂)၊ မ(၂၇၇)ဦးဖြင့် လူဦးရေပေါင်း (၅၄၉)ဦးရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှ(၄.၈)ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင် ပျမ်းမျှနှုန်း(၅)ဦးထက် လျော့နည်းသည်။ ကျေးရွာတွင် ဗမာလူမျိုးများနေထိုင်ကြပြီး အလုပ်လုပ်နိုင်သောအရွယ်သည် ကျေးရွာရှိလူဦးရေပေါင်း၏ ၆၂.၆၆% ခန့်ရှိသဖြင့် လူသားအရင်းအမြစ်ကောင်း တစ်ရပ်ဖြစ်ကာ လူငယ်များကို လေ့ကျင့်သင်ကြားပေးပြီး ဒေသစီးပွါး ရေးတိုးတက်အောင် အသင့်အတင့်သာ စွမ်း ဆောင်နိုင်သည်။ အလုပ်လုပ်နိုင်သောအရွယ်ရှိ အမျိုးသမီးဦးရေ သည် အမျိုးသားဦးရေနှင့် မကွာ သဖြင့် ၎င်းတို့ကို လေ့ကျင့်သင်ကြားပေးမည်ဆိုပါက ဒေသဖွံ့ဖြိုးရေးအတွက် တစ်ဘက်တစ်လမ်းမှ ပါဝင်စွမ်းဆောင်နိုင်မည်ဖြစ်ပါသည်။

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

ကျေးရွာတွင် အဓိက ဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပြီး တစ်ရွာလုံး၏ ဝင်ငွေအနေအထားမှာ သာမာန်အားဖြင့် လျော့နည်းသည်။ ဆင်းရဲချမ်းသာအဆင့် သတ်မှတ်မှုတွင် အိမ်ထောင်စုအားလုံး၏ (၇၃.၆၈%)သည် ဆင်းရဲအိမ်ထောင်စုအဆင့် အဖြစ်ခံယူကြပြီး၊ အလွန် ဆင်းရဲသော အိမ်ထောင်စုမရှိပါ။ အဆင်ပြေသော အိမ်ထောင်စုမှာ(၈.၇၇%)ရှိပြီး၊ (၁၇.၅၄%)သည် အလယ်အလတ်အဆင့် ရှိကြသည်ဟုသတ်မှတ်ကြသည်။ ကျေးရွာတွင် လယ်ယာမြေပိုင်ဆိုင်မှု၊ လက် လှမ်းမှီမှု၊ လယ်ယာသုံး စက်ကရိယာများ ပိုင်ဆိုင်မှုနှင့် ဆည်ရေသွင်းစနစ်ဖြင့် စိုက်ပျိုးနိုင်သော ကြောင့် ကျေးရွာရှိ လယ်သမားတို့၏ စီးပွားရေး အနေအထားမှာ အသင့်အတင့်ကောင်းမွန်သည်ဟု ပြောနိုင်သည်။ အဆင်ပြေသော လယ်သမားအိမ်ထောင်စုများအပြင် အခြားလယ်သမား အိမ်ထောင်စု အချို့မှာလည်း လက်သမား၊ ပန်းရံ၊ အထည်ချုပ်လုပ်ငန်းများ စသည်တို့တွင် ပါဝင်ဆောင်ရွက် ကြသည်။ အဆင်ပြေသော အိမ်ထောင်စုအချို့နှင့် အထည်ချုပ်စက်ရုံများတွင် လုပ်ကိုင်ကြသည့်၊ ဝန်ထမ်းရှိသည့် အိမ်ထောင်စုအချို့လည်း ငွေရေးကြေးရေး အသင့်အတင့် အဆင်ပြေကြသည်။

ယင်းတို့အနက် ဆင်းရဲသောအဆင့်ရှိ အိမ်ထောင်စုများသည် ကျေးရွာတွင်အများဆုံးဖြစ်ပြီး မြေယာအနည်းငယ်ပိုင်ဆိုင်သော လယ်သမားများ၊ လက်လုပ်လက်စားများ၊ ဆောက်လုပ်ရေးလုပ် ငန်းခွင် အလုပ်သမားများနှင့် မြေယာမဲ့အိမ်ထောင်စုများ ပါဝင်သည်။ ကျေးရွာတွင် မြေယာမဲ့အိမ် ထောင်စု အရေအတွက်များပြားပြီး (၆၈.၄၂%)ထိရှိကာ ၎င်းတို့သည် ဆင်းရဲအဆင့် အိမ်ထောင်စု များဖြစ်ကြသည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စု များပြားသော်လည်း ရာသီအလိုက် လယ်ယာလုပ်ငန်း၊ လက်လီ၊ ခေါင်းရွက်ဗျပ်ထိုးလုပ်ငန်းများ၊ အထည်ချုပ်လုပ်ငန်းများနှင့် တနိုင်တပိုင် မွေးမြူရေး လုပ်ငန်းများတွင် အလုပ်အကိုင် ရှာဖွေနိုင်ကြသည်။ ကျေးရွာမှ ဆင်းရဲသော အိမ်ထောင်စုများ၏ ၃၀% ဖြစ်သော အိမ်ထောင်စု(၂၅)စုကို လေ့လာဆန်းစစ်မှုအရ ယင်းတို့၏ ၅၆% မှာ တစ်နှစ်ပတ်လုံး ဝမ်းစာဖူလုံမှု မရှိသည်ကိုတွေ့ရှိရပြီး၊ ၂၀% မှာ သူတစ်ပါးထံမှ မချေးငှားဘဲ ၃ လခန့် ဝမ်းစာဖူလုံ၍ စားသုံးနိုင်ကြောင်း

တွေ့ရပါသည်။ ၈% မှာ ၃ လမှ ၅ လအထိ ဝမ်းစာဖူလုံသည်။ ၂၀% မှာ ၆ လမှ ၁၂ လအထိ ဝမ်းစာဖူလုံသည်ကို တွေ့ရှိရသည်။ ၎င်းတို့အားလုံး၏ ၈၀% မှာ သူတစ်ပါးထံမှ ချေးငှား၍သော်လည်းကောင်း၊ ၁၂% မှာ ဆေမျိုးများထံမှ အထောက်အပံ့ယူ၍သော်လည်းကောင်း၊ ၄% မှာ သူတစ်ပါးနှင့်ဝ် ဆွေမျိုးထံမှ ချေးငှားအထောက်အပံ့ယူ၍သော်လည်းကောင်း နပ်မှန်စားသုံး နိုင်ကြောင်းတွေ့ရှိရပါသည်။ အကြွေးတင်ရှိမှုပမာဏ တွေ့ဆုံမေးမြန်းခဲ့သော အိမ်ထောင်စုများမှာ အနည်းဆုံး လေးသောင်းကျပ်မှ အများဆုံး သုံးသိန်းကျပ်အထိ တင်ရှိနေသည်ကို တွေ့ရှိရသည်။ အကြွေးတင်ရသည်ဝ် အဓိကအကြောင်းရင်းမှာ စားသုံးရန်အတွက်ဖြစ်ပြီး အဝတ်အထည်၊ နေစရာ၊ ကျန်းမာရေး၊ ပညာရေး၊ ဝင်ငွေရအလုပ်အကိုင်များအတွက် အရင်းအနှီး မြှပ်နှံမှုများကြောင့်ဝ် တင်ရှိ ကြောင်းသိရှိရသည်။

အိမ်ထောင်စုအားလုံး၏ (၁.၇၅%)သည် အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများ ဖြစ်ကြပြီး ထိုအိမ်ထောင်စုများမှာ ဆင်းရဲကာ မိသားစုဦးရေများပြားကြသည်။ အလားတူ အိမ် ထောင်ဦးစီးသည် ကျေးရွာပြင်ပတွင်သွားရောက်လုပ်ကိုင်သော အိမ်ထောင်စုမှာ(၂.၆၃%)ရှိသည်။ ပြည်တွင်းပြည်ပသို့ သွားရောက်လုပ်ကိုင်နေသော အိမ်ထောင်စုမှာ (၃၁)စုရှိပြီး ၎င်းတို့သည် ဆင်းရဲ ၍ထိခိုက်လွယ်သော အိမ်ထောင်စုများဖြစ်သည်။

အခြားထိခိုက်လွယ်သော အိမ်ထောင်စုများမှာ မသန်စွမ်းသူကလေး၊ လူကြီး(၅)ယောက်ရှိပြီး ဆင်းရဲ၍ မိသားစုစောင့်ရှောက်မှုနည်းသူများဖြစ်သည်။ သက်ကြီးရွယ်အို(၇၀)နှစ်နှင့်ဝ်အထက် (၉) ယောက်ရှိပြီး ပြည်တွင်းပြည်ပသို့ သွားရောက်လုပ်ကိုင်နေကြသော မိသားစုများသည် ထိုဒေသ၏ ပဋိပက္ခဖြစ်ပွားမှု၊ လုပ်ခလစာအပြည့်ဝ်အဝ မရရှိမှု၊ ဖိနှိပ်ချုပ်ချုပ်မှုနှင့်ဝ် စားဝတ်နေရေးအတွက် လူ ငယ်များမှာလည်း လိင်မှတဆင့်ဝ် ကူးစက်တတ်သောရောဂါများ အရက်နှင့်ဝ် မူးယစ်ဆေးဝါးသုံးစွဲမှု အန္တရာယ်စသည့်ဝ် ထိခိုက်လွယ်မှုတို့ ရှိတတ်ကြသည်။ ကျေးရွာအတွင်းရှိ လူငယ်များတွင် အတန်း ပညာနည်းပါးမှု၊ အလုပ်အကိုင် အခွင့်ဝ်အလမ်းရှားပါးမှု၊ ဗဟုသုတ အသိဉာဏ်အားနည်းမှုနှင့်ဝ် အားကစားနှင့်ဝ် အားကစားဆိုင်ရာ ပစ္စည်းများ၊ လက်လှမ်းမမီမှုတို့ကြောင့်ဝ် ဖုန်းများကို အချိန်ပြည့်ဝ် အသုံးပြုမှုများ ရှိနေခြင်းကြောင့်ဝ် ၎င်းတို့၏ စိတ်ပိုင်းဆိုင်ရာနှင့်ဝ် ရုပ်ပိုင်းဆိုင်ရာတို့တွင် ထိခိုက်သက် ရောက်မှုများ ရှိလာနိုင်သည်။

(ဃ) ကျန်းမာရေးနှင့် အာဟာရ

ကျေးရွာတွင်ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အာဟာရ ပြည့်ဝမှုရှိကြသည်။ ကလေးငယ်အများစုလည်း ကျန်းမာကြသည်။ သွေးလွန်တုပ်ကွေးနှင့်ဝ် အခြား ကူးစက်တတ်သောရောဂါများ မတွေ့ရသော်လည်း အမျိုးသမီး၊ လူငယ်လူရွယ်၊ သက်ကြီးပိုင်းတို့ တွင် တစ်ကိုယ်ရည် သန့်ရှင်းမှုနှင့် ကျန်းမာရေး အသိအမြင်များ နည်းပါးကြသည်။

ကျေးရွာသားများသည် အခြေခံကျန်းမာရေး စောင့်ရှောက်မှုများကို အုပ်စုအတွင်းရှိ ကျေး လက်ကျန်းမာရေးဌာနခွဲ၏(၂)လ (၁)ကြိမ် ပုံမှန်လာရောက်ကုသမှုကို ခံယူကြရသည်။ ကျန်အချိန် များတွင် လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှုကြောင့်ဝ်လည်းကောင်း၊ တိုက်ကြီးမြို့နယ်ရှိ ဆေးရုံ၊ ဆေး ခန်း၊ ဆေးဆိုင်များနှင့်ဝ် (၁၂)မိုင်ကျော် ဝေးကွာမှုကြောင့်ဝ်လည်းကောင်း၊ အုပ်စုအတွင်းရှိ ကျေးလက် ကျန်းမာရေးဌာနခွဲနှင့်ဝ် ဆက်သွယ်ထားသော လမ်းမရှိသည်ဝ်အတွက် ကျေးရွာ၏ ကျန်းမာရေး စောင့်ဝ် ရှောက်မှုမှာ လက်လှမ်းမီနိုင်မှုမရှိ အားနည်းနေသည်။

ကျေးရွာတွင် လက်နှိပ်တုံကင်မှ မြေအောက်ရေကို အလွယ်တကူရရှိနိုင်ကြပြီး ကျေးရွာတွင်း နေထိုက်သူများမှာ ယင်လုံအိမ်သာ အသုံးပြုကြသည်။ သို့သော် ကျေးရွာနှင့်ဝ် မလှမ်းမကမ်းရှိ လယ် တဲများတွင် နေထိုင်သူများမှာ တောထိုင်အိမ်သာစနစ်ကို အသုံးပြုကြသည်။ သို့သော်လည်း ဝမ်း ပျက်၊ ဝမ်းလျော၊ တိုက်ဖွိုက်၊ အစာအိမ်ရောင်စသော ရောဂါဖြစ်ပွါးမှု နည်းပါးကြောင်း တွေ့ရ သည်။

(ဂ) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာ၏ ပညာရေးအဆင့်အတန်းသည် အများစုမှာ အခြေခံပညာ မူလတန်းအဆင့်သာ ရှိပြီး ရွာသားအများစုသည် အခြေခံ အရေး၊ အဖတ်၊ အတွက်တို့ကို တတ်မြောက်ကြသည်။ ဘွဲ့ရ အရေအတွက်(၂)ဦးရှိပြီး အထက်တန်းပညာရေး အောင်မြင်သူမှာလည်း(၂)ဦးသာရှိကြောင်း တွေ့ရ သည်။ အလယ်တန်းပညာရေး အောင်ပြီးသူမှာ အနည်းအကျဉ်းသာရှိ၍ ပညာရေးအဆင့်၌ နိမ့်ကျ သည်ကိုတွေ့ရသည်။ ကျေးရွာတွင် အခြေခံပညာ မူလတန်းကျောင်းသာရှိပြီး အလယ်တန်းနှင့် အထက်တန်းကျောင်းကို ကျေးရွာနှင့်(၃)မိုင်ခန့် ဝေးကွာသော ဖလုံ(တွဲဖက်)အထက်တန်းကျောင်းသို့ သွားရောက်သင်ကြားရသည်။ ကျေးရွာမှ မူလတန်းအဆင့် အောင်မြင်ပြီးသော ကလေးငယ်များ သည် ရွာနှင့် အထက်တန်းကျောင်းဝေးကွာခြင်း၊ လမ်းပန်းဆက်သွယ်ရေး ခက်ခဲခြင်း၊ ငယ်ရွယ် နုနယ်သူများဖြစ်၍ မိဘများစိတ်မချရခြင်း၊ ဆင်းရဲခြင်းတို့ကြောင့် မူလတန်းအဆင့်သာ တတ် မြောက်ကြရသည်ကို တွေ့ရသည်။ အတန်းပညာနည်းပါးမှု၊ ဆင်းရဲနွမ်းပါးမှုတို့ကြောင့် အသက်မွေး ဝမ်းကျောင်း ကျွမ်းကျင်မှုများမှာ နိမ့်ကျဆဲဖြစ်ပြီး လူငယ်လူရွယ်များအတွက် အလုပ်အကိုင် အခွင့် အလမ်းများ နည်းပါးဆဲဖြစ်သည်။

(စ) ကျား-မ ရေးရာကိစ္စဆိုင်ရာ

ကျေးရွာတွင် ကျား-မ ရေးရာ ကိစ္စဆိုင်ရာ အနေအထားမှာ လွတ်လပ်မှုရှိသည်။ ကျား-မ ရေး ရာဆိုင်ရာ တာဝန်ယူမှု အပိုင်းတွင်လည်း ကျေးရွာလူမှုအဖွဲ့အစည်း၏ စံနှုန်းများအရ ကောင်းစွာ သတ်မှတ်ထားကြသည်။ ကျေးရွာတွင် ကျားနှင့် မအကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှု နှင့် ခွဲခြားဆက်ဆံခြင်း ကိစ္စများ မတွေ့ရပါ။

ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးများသည် သာမန်အားဖြင့် ပညာရေးနှင့် အခြားနယ် ပယ်များတွင် အခွင့်အရေးတူညီစွာရရှိသည်ဟု ယေဘုယျပြောနိုင်ပါသည်။ ပညာရေးနှင့်ဆိုင်သော ကိန်းဂဏန်းများတွင် မူလတန်းနှင့် အလယ်တန်းအဆင့်၌ ယောကျ်ားလေးဦးရေမှာ မိန်းကလေး ဦးရေထက် များနေသည်ကိုတွေ့ရှိရသော်လည်း အထက်တန်း အောင်မြင်ပြီးသူ(၂)ဦးနှင့် ဘွဲ့ရ(၂)ဦး တို့မှာ အမျိုးသမီးများဖြစ်ကြသည်။ အမျိုးသားများနှင့် အမျိုးသမီးများ၏ ပညာသင်ယူရေးဆိုင်ရာ အခွင့်အရေးမှာ အတူတူပင် ဖြစ်သည်။

သို့သော် ကျေးရွာတွင် နေ့တွက်လုပ်အားခငွေများမှာ အမျိုးသားများက ပိုမိုရကြသည်။ ဥပမာအားဖြင့် လုပ်အားသဘာဝနှင့် အင်အားစိုက်ထုတ်ရမှု တူညီသော်လည်း အမျိုးသမီးများသည် အမျိုးသားများထက် လုပ်အားခ လျော့နည်းပြီး ရကြသည်။ အုပ်ချုပ်ရေး အဖွဲ့အစည်းများတွင်မူ အမျိုးသမီးပါဝင်မှု မရှိပါ။ ကျား-မ တန်းတူညီမျှမှုနှင့် ပါတ်သက်၍ အသိပညာပေးခြင်းများ မြှင့် တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျား-မ တန်းတူညီမျှမှု၊ ဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ ဖြစ်လာ နိုင်ပါသည်။

၄။ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာတွင် လူမှုရေးဆိုင်ရာ အဖွဲ့အစည်း(၃)ဖွဲ့ရှိပါ သည်။ ဘာသာရေးနှင့်၊ ယဉ်ကျေးမှုဆိုင် ရာ(၁)ဖွဲ့၊ ကျေးရွာလူငယ်ဖွံ့ဖြိုးရေးအဖွဲ့တို့သည် လူမှုရေးဆိုင်ရာ ကိစ္စရပ်များနှင့်၊ တရားပွဲများ၊ ယဉ်ကျေးလိမ္မာသင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ရာတွင် လှုပ်ရှားဆောင်ရွက်မှု အားကောင်းသည်။ ပြင်ပမှ ဖွဲ့စည်းထားသော "စံလင်းအောင်" စိုက်ထွေသမဝါယမအသင်း၊ အသေးစားငွေစု ငွေချေး လုပ်ငန်းကို

တိုးတက်အောင်မြင်ရန်အတွက် စနစ်တကျ လည်ပတ်ဆောင်ရွက်လျက်ရှိသည်။ ကျေးရွာ ရှိ အဆိုပါအဖွဲ့အစည်းများမှာ တစ်ဖွဲ့နှင့်တစ်ဖွဲ့အကြား ချိတ်ဆက်ဆောင်ရွက်မှု၊ အဖွဲ့အစည်းဆိုင် ရာသဘောတရားတို့နှင့် ပတ်သက်၍ အားနည်းကြပြီး အဖွဲ့အစည်းများ စွမ်းဆောင်ရည် မြှင့်တင် ရေးသင်တန်းများရရှိနိုင်ပါက ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှု ပိုမိုတိုးတက် ကောင်းမွန်လာနိုင်ပါ သည်။

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင် စပါးကို အဓိကထား စိုက်ပျိုး၍ မတ်ပဲကို အနည်းငယ်သာ စိုက်ပျိုးကြသည်။ မိုစပါးစိုက်ဧက(၂၅၅.၅၀)ဧကရှိပြီး နွေစပါးစိုက်ဧက(၂၄၀)ဧကက စိုက်ပျိုး၍ ကျန်သော(၁၅)ဧကခန့်ကို သီးထပ်အဖြစ် မတ်ပဲကို စိုက်ပျိုးကြသည်။ စားကျက်မြေ(၄၀)ဧကခန့်နှင့် ပလပ်မြေ(၃)ဧကမှာ နွေအခါတွင် ရေနစ်ကွင်းဖြစ်နေ၍ နွေအခါတွင် တစ်သီးစားအဖြစ် စပါးကို စိုက်ပျိုးကြသည်။ မိုးစပါး နှင့်နွေစပါးတစ်ဧက ပျမ်းမျှအထွက်နှုန်းမှာ (၇၅)တင်းနှုန်းနှင့် မတ်ပဲ(၅)တင်းနှုန်း ထွက်ရှိသည်။ နွေစပါး(၂၄၀)ဧကကို တဘူးလှရေလှောင်တမံမှ ဆည်ရေသွင်းစနစ်ဖြင့် စိုက်ပျိုးကြသည်။

စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာဝန်ဆောင်မှုများရရှိနိုင်ပြီး စိုက်ပျိုးရေးပစ္စည်း ထုတ်လုပ် သော ကုမ္ပဏီများမှာလည်း တောင်သူများအတွက် ဝန်ဆောင်မှုပေးသည်။ တောင်သူအများစုသည် လယ်ယာလုပ်ငန်းခွင်အတွက် အလုပ်သမား မလုံလောက်မှုပြဿနာကို ရင်ဆိုင်ရတတ်ပြီး လုပ်အား ခပိုမိုပေးမှ အလုပ်သမားများကို ငှားရမ်းရရှိနိုင်ကြကာ ကုန်ကျစရိတ် မြင့်မားရသည်။ တချို့တောင် သူများမှာ အလုပ်သမားရှားပါးမှုနှင့် ကုန်ကျစရိတ် မြင့်တက်မှုတို့ကို ကျော်လွှားနိုင်ရန် စပါးစိုက် ရာတွင် ကြဲပက်စနစ်ကို သုံးကြသည်။ တောင်သူများသည် တခါ တရံ တွင် သီးနှံထွက်ရှိချိန်နှင့် ရိတ်သိမ်းချိန်တို့တွင် မိုးရွာသွန်းမှုများကြောင့် ပျက်စီးဆုံးရှုံးမှုကို ရင်ဆိုင်ကြရသည်။ သီးနှံထုတ် လုပ်ရောင်းချရာတွင်လည်း ရိတ်သိမ်းစနစ်မြင့်မားခြင်း၊ အလုပ်သမားရှားပါးခြင်း၊ လမ်းပန်းဆက် သွယ်ရေးခက်ခဲမှုတို့ကြောင့် အမြန်အစွန်း နည်းသည်ကိုတွေ့ရှိရသည်။ စပါးနှင့် မတ်ပဲစိုက်ခင်းများ တွင် ဖျက်ပိုးကျရောက်မှုကို ပိုမိုတွေ့ရှိရပြီး ယင်းဖျက်ပိုးများသည် ပိုးသတ်ဆေးအချို့ကို ခံနိုင်စွမ်း ရှိကြသဖြင့် တောင်သူများအနေဖြင့် ထိရောက်သော ဖျက်ပိုးနှိမ်နင်းရေးစနစ်ကို လိုလားနေကြသည်။

ကျေးရွာတွင် ဝက်မွေးမြူသူ အိမ်ထောင်စုမှာ တစ်ရွာလုံး၏(၂၂.၈၀%)ရှိပြီး၊ ဒေသမှ ဝက်မျိုးများကို မွေးမြူကသည်။ ဒေသကြက်နှင့် ဘဲမွေးသည့် အိမ်ထောင်စုမှာ တစ်ရွာလုံး၏ (၅၀.၈၇%)ခန့်ရှိပြီး ဈေးကွက်ဝယ်လိုအားရှိသည်။ လယ်ယာလုပ်ငန်းခွင်အတွက် အသုံးပြုရန် ကျွဲ၊ နွားမွေးမြူသည့် အိမ်ထောင်စုမှာ တစ်ရွာလုံး၏(၂၆.၃၁%)ခန့်ရှိသည်။ ရာသီအလိုက်ဖြစ်ပွားတတ် သောရောဂါများ အထူးသဖြင့် ကြက်လည်လိမ်ရောဂါ၊ ဝက်ကျောက်ပေါက်ရောဂါ၊ ကျွဲနွားများတွင် ခွါနာလျာနာရောဂါများဖြစ်ပြီး ရောဂါကြောင့် သေဆုံးပျက်စီးမှုများ ရှိတတ်သောကြောင့် လုပ်ငန်း ခွင်နှောင့်နှေးကြန့်ကြှာမှုနှင့် ဆုံးရှုံးမှုများရှိတတ်သည်။ နည်းပညာဝန်ဆောင်မှုကို မြို့နယ်မွေးကု ဦးစီးဌာနမှ ရရှိနိုင်သော်လည်း ဝန်ထမ်းမလုံလောက်မှုကြောင့် လွှမ်းခြုံဆောင်ရွက်ပေးနိုင်မှု အား နည်းသည်။ မွေးမြူရေးလုပ်ငန်းပိုင်းဆိုင်ရာ အဟန့်အတားများအနေဖြင့် ဆင်းရဲသော အိမ်ထောင်စု များက မွေးမြူရေးလုပ်ငန်းတည်ထောင်၊ တိုးချဲ့ဆောင်ရွက်ရန် ချေးငွေကို အလွယ်တကူ မရရှိနိုင် ချေ။ ပုဂ္ဂလိက ချေးငွေလုပ်ငန်းရှင်များ ကျေးရွာသို့ မရောက်ရှိခြင်း၊ ၎င်းတို့ထံမှ ချေးငှားလျှင်လည်း ကနှုန်းသတ်ချက်များရှိခြင်း၊ အာမခံပစ္စည်းများထားရှိရခြင်း၊ တစ်ဖန်ကျေးရွာအတွင်းရှိ ငွေချေးသူ များထံမှ ချေးငှားလျှင်လည်း အတိုးနှုန်းမြင့်မားခြင်း စသည့်အခက်အခဲများကို ကြုံတွေ့ရသည်။ ကျေးရွာတွင် တိရစ္ဆာန်မွေးမြူရန် မြေနေရာ အဆင်ပြေသော်လည်း ငါးမွေးမြူရေးလုပ်ငန်းများ မရှိပါ။

(ဂ) စိုက်ပျိုး၊ မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင် အိမ်တွင်းမှု ကုန်ထုတ်လုပ်ငန်း မရှိပါ။ အခြားဝင်ငွေရ လုပ်ငန်းများမှာ နေ့စား အလုပ်များ၊ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုများ၊ ဈေးရောင်း၊ ခေါင်းရွက်ဗျက်ထိုးနှင့် အထည်ချုပ် လုပ်ငန်းတို့ဖြစ်ကြသည်။ ၎င်းလုပ်ငန်းအများစုမှာ ရာသီဥတုနှင့် အမျိုးအစားအလိုက် တွက်ခြေ ကိုက်မှု အသင့်အတင့် အနေအထားတွင်ရှိသည်။ လက်လုပ်လက်စား အလုပ်များမှာ စိုက်ပျိုးရာသီ များတွင်သာ အလုပ်အကိုင်များပြီး ကျန်အချိန်များတွင် အလုပ်အကိုင်နှင့် ဝင်ငွေမမှန်ခြင်းကြောင့် တွက်ခြေကိုက်မှု နည်းပါးသည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သော လူဦးရေများပြားပြီး ထိုအခြေအနေမှာ ကျေးရွာ၏ အလားအလာကောင်း တစ်ရပ်ဖြစ်သည်။ မြို့ပေါ်တွင် အသက်မွေးဝမ်းကျောင်း သင်တန်းအချို့ကို ဝန်ဆောင်မှုပေးနိုင်သော လုပ်ငန်းများရှိကြသည်။ အပ်ချုပ်၊ ဇာထိုးပန်းထိုး၊ ဆံပင်အလှပြင်၊ မုန့်၊ လုပ်နည်း၊ မော်တော်ဆိုင်ကယ်ပြင်၊ မိုဘိုင်းဖုန်းပြင်၊ ကားမောင်း၊ ဝပ်လျှော့စသည်တို့သည် အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖြစ်ကြသော်လည်း ရွာသားအများစုသည် ဆင်းရဲနွမ်းပါးမှုကြောင့် အဆိုပါသင်တန်းများသို့ တက်ရောက်နိုင်ခြင်း မရှိပေ။ လုပ်ငန်းခွင်သုံး ပညာအရည်အချင်းပိုင်းတွင် လည်းနိမ့်ကျမှုရှိပြီး ဆင်းရဲနွမ်းပါးမှုကြောင့် သင်တန်းစရိတ် အကုန်အကျခံရန်နှင့် လုပ်ငန်းထူထောင်ရန်လည်း မတတ်နိုင်ကြချေ။ ငွေကြေးအဆင်ပြေသော အိမ်ထောင်စုအချို့သာ အပ်ချုပ်၊ စက်ပြင်စသော သင်တန်းများသို့ အခကြေးငွေ အကုန်အကျခံကာ ပို့လွှတ်သင်ကြားကြသည်။

(ဃ) သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတစီမံခန့်ခွဲမှု

ကျေးရွာတွင် စပါးနှင့် မတ်ပဲစိုက်ခင်းများတွင် ဖျက်ပိုးများ ကျရောက်တတ်ခြင်းကြောင့် ပိုးသတ်ဆေးနှင့် ဓာတုမြေဩဇာသုံးစွဲမှု များပြားသဖြင့် မြေဆီလွှာအရည်အသွေး ကျဆင်းလာနိုင် သည်။ တောင်သူများအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နှင်းရေး စနစ်အစား ဓါတုပိုးသတ်ဆေးများကိုသာ အသုံးပြုမှု များပြားသည်။ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုတွင်လည်း ပလပ်စတစ်အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံ များကို စနစ်တကျ မစွန့်ပစ်ကြသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးသင့်သည်။

နှစ်စဉ်ရေကြီးမှုရှိသော်လည်း မြေနိမ့်ပိုင်းရှိ လယ်မြေများတွင်သာ ပျက်စီးဆုံးရှုံးမှု အနည်း ငယ်ရှိပြီး ကျေးရွာသည် မြေမြင့်ပိုင်းတွင်ရှိသောကြောင့် ရေကြီးရေလွှမ်းခြင်း ကင်းလွတ်သည်။ ကုန်းတွင်းဒေသဖြစ်ခြင်းကြောင့်လည်း မုန်တိုင်းဘေးအန္တရာယ်တို့ နည်းပါးသည်။ အားပျော့သော မုန်တိုင်းဝင်ရောက်မှုသာ တခါတရံ ကြုံတွေ့ရတတ်သည်။ အခါအားလျော်စွာ ကျရောက်တတ်သော မိုးခေါင်ခြင်းက သဘာဝဘေးအန္တရာယ် တစ်ရပ်အနေဖြင့် ရှိနေဆဲဖြစ်ပါသည်။

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာမှတောင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသောချေးငွေကို အတိုးနှုန်း(၀.၇၂)ပြားနှုန်းဖြင့် တစ်ဧက တစ်သိန်းငါးသောင်းနှုန်းဖြင့် အများဆုံး ဆယ်ဧကအတွက် ချေးယူနိုင်ကြသည်။ ကျေးရွာတွင် သမဝန်ကြီးဌာနမှ လာရောက်ဖွဲ့စည်းပေးသော "စံလင်းအောင်" စိုက်/ထွေသမအသင်းရှိပြီး အသင်း၀င်(၄၂)ဦးရှိကာ အတိုးနှုန်းမှာ(၁.၅၀)နှုန်းဖြင့် ယခုအချိန်တွင် အသင်းသားတစ်ဦးလျှင် (၅၀၀၀၀၀/-)နှုန်း ချေးပေးကာ(၆)လ (၁)ကြိမ် ပြန်လည်ပေးဆပ်ရသည်။ စည်းကမ်းပိုင်းတွင် တင်းကြပ်ထားပြီး ယခုအခါ လယ်သမားတစ်ဦးလျှင် စုဆောင်းငွေ တစ်သိန်း ကျော်ရှိနေပြီဖြစ်ရာ ငွေစုငွေချေးအသင်းအဖြစ် တည်ရှိသည်။ ၎င်းအသင်းတွင် အာမခံလုပ်ငန်းများ လည်းထားရှိသည်။ ဆင်းရဲသောအိမ်ထောင်စုများနှင့် လယ်သမားများမှာ ငွေတိုးချေးစားသူများထံမှအတိုးနှုန်း (၆ ကျပ်မှ ၁၀ ကျပ်)အထိလည်းကောင်း၊ မိတ်ဆွေ၊ မိသားစုများထံမှ တစ်နှစ်အတိုးနှုန်း (၅)ကျပ်ဖြင့်လည်းကောင်း ချေးယူနိုင်ကြပါသည်။

ကျေးရွာသားအများစုသည် ချေးငွေကိုအကြောင်းရင်းမျိုးစုံ(ရိက္ခာ၊ ကျန်းမာရေး၊ ပညာရေး) တို့အတွက် အထူးသဖြင့် စားနပ်ရိက္ခာအတွက် ချေးယူကြပြီး ကျေးရွာတွင် ချေးငွေလိုအပ်ချက်များ ပြားကြောင်းတွေ့ရသည်။ ကျေးရွာတွင် အကြွေးထားရှိမှု အနေအထားကို လေ့လာဆန်းစစ်ချက်အရ ပါဝင်သော ဆင်းရဲသည့်အိမ်ထောင်စုအားလုံးသည် အကြွေးငွေ လေးသောင်းကျပ်မှ သုံးသိန်းကျပ် အထိ တင်ရှိနေကြောင်း တွေ့ရသည်။

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် အလျား ၆၀ ပေ၊ အနံ ၄၀ ပေ၊ အမြင့် ၁၂ ပေ အရွယ်ရှိ သွပ်မိုး၊ အုတ်နံရံကာနှင့် အင်္ဂတေအခင်း အမျိုးအစား မူလတန်းကျောင်းဆောင် နှစ်ဆောင်ရှိသည်။ ရွာသားအားလုံးမှာ ရေးတတ်၊ ဖတ်တတ်ကြပြီး လူဦးရေအားလုံး၏ ၇.၂၂% မှာ ဘုန်းကြီးကျောင်း ပညာရေးကို တတ် မြောက်ထားကြသည်။ မူလတန်းအောင် ရာခိုင်နှုန်းမှာ (၃၈.၇၃%)ဖြစ်သည်။ ယခုနှစ် ကျောင်းအပ်နှံ သည့်နှုန်းထားသည် ကျေးရွာရှိ မူလတန်းအရွယ်နှင့် အလယ်တန်းအရွယ်ရှိသူ အရေအတွက်ထက် ပိုနေကြောင်းတွေ့ရှိရကာ ၎င်းမှာမူလတန်းတွင်(၉)နှစ်၊ အလယ်တန်းတွင်(၁၄)နှစ်ကြီးသော ကျောင်း သားများ ရှိနေခြင်း တို့ကြောင့်ဖြစ်သည်။ ကျောင်းသုံးပရိဘောဂတို့ လုံလောက်မှု မရှိပါ။ ကျောင်းတွင် ဆရာ/ဆရာမ(၃)ဦး၊ ကျောင်းအုပ်(၁)ဦးနှင့် စာသင်လုပ်သား(၁)ဦး ပေါင်း(၅)ဦးသာ ရှိပါသည်။ ကျောင်းသားစုစုပေါင်း(၈၈)ဦးရှိပြီး တပည့်/ဆရာအချိုး ညီမျှသော်လည်း အတန်းတစ်တန်းလျှင် ဆရာ/ဆရာမ(၁)ဦးနှုန်းဖြင့် တွက်မည်ဆိုပါက ကျောင်းအုပ်သည် အစည်းအဝေးပွဲများ မကြာခဏ တက်ရောက်ရသဖြင့် စာသင်ကြားမှုတွင် လစ်ဟင်းမှုများရှိနေ၍ ဝန်ထမ်းအင်အား လုံလောက်မှုမရှိ သည်ကိုတွေ့ရှိရသည်။ တစ်ဖန် လမ်းပန်းဆက်သွယ်မှု ခက်ခဲခြင်းကြောင့် စာသင်ချိန်နောက်ကျခြင်း၊ ကျောင်းတွင်အတန်းလိုက် သီးသန့်အခန်းဖွဲ့ထားမှုမရှိခြင်း၊ မိဘဆရာ ပူးပေါင်းမှုအားနည်းခြင်း၊ ကျောင်းကော်မတီများ ညှိနှိုင်းဆောင်ရွက်မှုအားနည်းခြင်း၊ ဆရာ/ဆရာမ များနေထိုင်ရန် အဆောက် အဦမရှိခြင်းတို့ကြောင့် ပညာရေးမှာ သာမန်ထက်နိမ့်ကျနေသည်ကို တွေ့ရသည်။ ပညာရေးဝန်ကြီး ဌာန၏ စာမတတ်သူ ပပျောက်ရေး၊ အခမဲ့ပညာသင်ကြားရေးစနစ်ကြောင့် ပြဌာန်းစာအုပ်များနှင့် လေ့ကျင့်ခန်းစာအုပ်များကို နိုင်ငံတော်မှ အခမဲ့ ပံ့ပိုးပေးခဲ့သည်။ ကျောင်းသုံးစရိတ်အဖြစ် ပညာရေး ဌာနမှ တစ်နှစ်လျှင် (၈)သိန်းကျပ်နှုန်းဖြင့် ပံ့ပိုးပေးခဲ့သည်။ ကျေးရွာရှိ လူဦးရေအများစုမှာ မူလ တန်းပညာရေးအဆင့်သာ ရှိသည်။

ကျေးရွာတွင် ကျေးလက်ကျန်းမာရေး ဆေးပေးခန်း မရှိပါ။ အုပ်စု၌ ကျေးလက်ကျန်းမာရေး ဌာနခွဲ ဆေးပေးခန်း(၁)ခုရှိသည်။ သားဖွားဆရာမ(၁)ဦးနှင့် ကြီးကြပ်-၂ (၁)ဦးရှိသည်။ ဆေးဝါးများ လုံလောက်မှုမရှိသော်လည်း အုပ်စုအတွင်း ကျေးရွာများမှ ဆေးပဒေသာပင် ရန်ပုံငွေစိုက်ထူ၍ လိုအပ်သည့် ဆေးဝါးများကို ဖြည့်တင်းပေးလျှက်ရှိရာ တစ်ဦးလျှင် ထိုးဆေးကို (၈၀၀/-)နှုန်း၊ သောက်ဆေးကို အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှုပေးသည်။ သို့သော်လည်း ကျွန်ုပ်တို့ကျေးရွာနှင့် (၁)မိုင်ခန့်ဝေးကွာခြင်းကြောင့်လည်းကောင်း၊ ရွာချင်းဆက်လမ်းမရှိခြင်းတို့ကြောင့် ဆေးကုသမှု ခံယူရန် ခက်ခဲပါသည်။ ထိုဌာနမှ (၂)လ (၁)ကြိမ် ကျေးရွာအရောက် ကွင်းဆင်းကုသပေးမှုကိုသာ ခံယူကြရသည်။ ကျန်အချိန်များတွင် ကျေးရွာသည် လမ်းပန်းဆက်သွယ်ရေး ခက်ခဲသောကြောင့် အရေးပေါ် လူနာတင်ယာဉ်များ မရောက်ရှိနိုင်သဖြင့် လူနာကို ပုခက်ဖြင့်ထမ်းကာ (၁)မိုင်ခွဲခန့် ဝေးကွာသော ကားလမ်းမှတစ်ဆင့် ကြုံရာကားဖြင့် တိုက်ကြီးမြို့ရှိ ဆေးရုံ၊ ဆေးပေးခန်းများသို့ သွားရောက်ကုသရသည်။ လူနာများအား အချိန်မီ ဆေးကုသမှု မခံယူရသည့်အတွက် ဆုံးရှုံးမှုများ လည်း မကြာခဏ ကြုံတွေ့ရသည်။ ထို့ကြောင့် ကျေးရွာသည် ကျန်းမာရေးစောင့်ရှောက်မှု လက် လှမ်းမမီပါ။

သောက်ရေနှင့် သုံးရေအတွက် လက်နှိပ်ရေတုံကင်များ တပ်ဆင်သုံးစွဲကြပြီး ယေဘုယျအား ဖြင့် ရေလုံလောက်မှုရှိသည်ဟု ဆိုနိုင်သော်လည်း အိမ်ထောင်စု(၁၁၄)စုတွင် တုံတင်(၂၈)လုံးသာရှိ သည့်အတွက် များစွာလိုအပ်နေသေးသည်။ ရေကန်တစ်ကန်ရှိသော်လည်း ပျက်စီးနေ၍ အသုံးပြုနိုင် ခြင်းမရှိပါ။ ကျန်းမာရေးဌာနနှင့် အခြားလူမှုအဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ လက်နှိပ်တုံကင်များ၊ ရေကန်များ ထပ်မံတူးဖေါ်ပြုပြင် ပေးမည်ဆိုပါက သောက်သုံးရေအတွက် ပိုမိုကောင်းမွန်သော အစီ အစဉ်တစ်ရပ်ဖြစ်ပေသည်။ တစ်ရွာလုံးနီးပါး ဝါးရိုင်ပတ်များဖြင့် ခွေထားသောကျင်းဖြင့် ဆောက် လုပ်ထားသော ယင်လုံအိမ်သာများကို အသုံးပြုနေကြသဖြင့် ရေကြောင့်ဆက်စပ် ဖြစ်ပွါးတတ်သော ရောဂါဖြစ်ပွါးမှုများ နည်းပါးသည်။ စာသင်ကျောင်းများတွင်လည်း ကျောင်းအိမ်သာကို စနစ်တကျ ဆောက်လုပ်ထားပြီး ကျောင်းသား၊ ကျောင်းသူများ အတွက် အသုံးပြုရန် လွယ်ကူသည်။

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

လူငယ်များအတွက် အပန်းဖြေ အနားယူနိုင်မည့်နေရာများ သီးသန့်မရှိပေ။ သူတို့သည် ကျေးရွာရှိ လူမှုရေးလုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြပြီး ဘာသာရေးပွဲတော်များ နှင့် ရိုးရာယဉ်ကျေးမှု ပွဲတော်များကို စိတ်ပါဝင်စားစွာ ပါဝင်ဆောင်ရွက်ကြသည်။ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းအတွက် ဆောင်ရွက်သည့် ဖွံ့ဖြိုးရေးလုပ်ငန်း သီးသန့်ဖော်ဆောင်ခြင်း မရှိသေးပါ။

(ဇ) အခြေခံ အဆောက်အဦ - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

၂၀၁၃ ခုနှစ်မှစတင်၍ ရန်ကုန်-ပြည်ကားလမ်းမှ ကျေးရွာသို့ ပေ(၇၀၀၀)အရှည်၊ မျက်နှာပြင် (၁၂)ပေရှိသော မြေသားလမ်းကို ဆည်မြောင်းဝန်ကြီးဌာနမှနှင့် လယ်သမားများ ညှိနှိုင်းတိုင်ပင်၍ စတင်ဖေါက်လုပ်အသုံးပြုခဲ့သည်။ ထိုသို့ ဖေါက်လုပ်ရာတွင် ဆည်မြောင်းဌာနမှ စက်ယန္တရားများနှင့် ကျေးရွာမှ ငွေအား၊ လူအား အကုန်အကျခံ ကိုယ်ထူကိုယ်ထ ဖေါက်လုပ်ခဲ့သည်။ လမ်းဖြတ်သွားရာ တွင် ဆည်မြောင်းဂုံးတံတားတစ်ခုရှိ၍ ပျက်စီးနေသည်။ ကျေးရွာတွင်းရှိ လမ်းများသည်လည်း မြေသားလမ်းဖြစ်ပြီး သယ်ယူပို့ဆောင်ရေးအတွက် ဆိုင်ကယ်နှင့် နွားလှည်းများကိုသာ အသုံးပြုကြ ရသည်။

ကျေးရွာသည် မဟာဓါတ်အားလိုင်းနှင့် (၄/၀.၅)ဖါလုံသာ ကွာဝေးသော်လည်း ကျေးရွာလူထု ၏ဆင်းရဲနွမ်းပါးမှုကြောင့် လျှပ်စစ်မီး မရရှိသေးပေ။ ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမီ အသုံးပြုနိုင်ကြသည်။ ကျေး ရွာတွင် အင်တာနက် အသုံးပြုနိုင်မှုမှာ အသင့်အတင့်မျှသာ ကောင်းမွန်ပြီး အခြားသတင်း အချက် အလက်များအတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။ စာကြည့်တိုက်အတွက် မြေနေရာရှိသော်လည်း အကောင်အထည် ဖေါ်နိုင်ခြင်း မရှိသေးပေ။ တစ်ရွာလုံး အတိုင်းအတာဖြင့် တယ်လီဖုန်းနှင့် သတင်းဆက်သွယ်ရေးမှာ အတော်အသင့် ကောင်းမွန်ကြောင်း တွေ့ရှိရပါသည်။

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

ကျေးရွာတွင် ရာဇဝတ်မှုခင်း ဖြစ်ပွါးမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုရှိသည်။ ကုန်စည် ကူးသန်းရောင်းဝယ်မှုသည် လမ်းပန်းဆက်သွယ်ရေး ခက်ခဲသည့်အတွက် အဆင်ပြေချောမွေ့မှု မရှိ ပေ။ သို့သော် ရွာသားများသည် မိုဘိုင်းတယ်လီဖုန်းနှင့် ရေဒီယိုမှတဆင့် လိုအပ်သော သတင်းအရင်း အမြစ်များအတွက် လိုအပ်သလို ဆက်သွယ်သိရှိနိုင်သည်။ အာမခံစနစ်ကို သမဝန်ကြီးဌာနနှင့် ချိတ် ဆက်အသုံးပြုနိုင်သော်လည်း စိုက်ပျိုးရေး အသင်းသားများသာ ထားရှိသည်ကို တွေ့ရှိရသည်။ ကျေးရွာတွင် သဘာဝဘေးအန္တရာယ် လျော့ပါးရေးအစီအစဉ် သီးသန့်ရေးဆွဲထားခြင်း မရှိပါ။ ရွာသားများသည် ဖုန်းနှင့် ရဲစခန်းသို့ အလွယ်တကူ ချိတ်ဆက်နိုင်ပြီး ကျေးရွာတွင် ရာဇဝတ်မှုဖြစ် ပွါးခြင်း နည်းပါးသည်။

၅။ ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေအနေများ

ကျေးရွာတွင် လျှပ်စစ်မီးလင်းရေးအတွက် မဟာဓါတ်အားလိုင်းနှင့် (၄/၀.၅)ဖါလုံတွင်ရှိနေခြင်းကြောင့် လျှပ်စစ်ဝန်ကြီးဌာနနှင့် ချိတ်ဆက်၍ မီးလင်းရေးကို ဆောင်ရွက်နိုင်မည်ဆိုပါက လျှပ်စစ်မီးဖိုနှင့် ချက်ပြုတ်ခြင်းဖြင့် ထင်းရှားပါးသည့် ပြဿနာကိုဖြေရှင်းနိုင်မည်။ အိမ်ရှင်မများအတွက် အချိန်ကုန်သက်သာပြီး အခြားလုပ်ငန်းများတွင် အချိန်ပေး လုပ်ဆောင်နိုင်လာမည်။ ကျောင်းသူ/ကျောင်းသားများအတွက် စာဖတ်ချိန် အထောက်အပံ့ဖြစ်စေသောကြောင့် နိမ့်ကျနေသော ပညာရေးကိုလည်း မြင့်မားလာစေရန် အထောက်အကူပြုမည်။ လူနေမှုအဆင့်အတန်းလည်း မြင့်မားလာစေသည်။

ကျေးရွာတွင် လူဦးရေအားလုံး၏ (၆၂.၆၆%)သည် အလုပ်လုပ်နိုင်သည့် အရွယ်များဖြစ်ကြ သည်။ ဘွဲ့ရများနည်းပါးသော်လည်း အသက်မွေးဝမ်းကျောင်း သင်တန်းများ လူငယ်များကို လေ့ကျင့်သင်ကြားပေးခြင်းဖြင့် လူသားအရင်းအမြစ်များကို တိုးတက်ကောင်းမွန်စေပါသည်။

ကျေးရွာလူထု၏ ကျန်းမာရေး အခြေအနေမှာ ယေဘုယျအားဖြင့် ကောင်းမွန်ပြီး စိုးရိမ်ရ သော ဆေးဝါးကုသလိုမှု လိုအပ်သူများအတွက် တိုက်ကြီး၊ ဥက္ကဋ္ဌစသော မြို့များရှိ ဆေးရုံ၊ ဆေးပေး ခန်းများသို့ အလွယ်တကူ သွားရောက်ကုသနိုင်သည်။ ကျေးရွာတွင် စာသင်ကျောင်းနှင့် ပုံပိုးပစ္စည်း များမှာ လက်ရှိပညာရေး အနေအထားအတွက် လုံလောက်သည်ဟု ဆိုနိုင်သည်။

သဘာဝအရင်းအမြစ်များတွင် လယ်မြေများသည် မြေပြန့်ပိုင်းတွင်ရှိပြီး အနည်းအကျဉ်းသာ မြေနိမ့်ပိုင်းတွင်ရှိသည်။ လယ်မြေများသည် မြေဆီဩဇာအတော်အသင့် ကောင်းမွန်သည်။ တောင် သူများ၏ လယ်ယာထွက်ကုန်များကို ပြင်ပမှ လာရောက်ဝယ်ယူမှုကြောင့် အလွယ်တကူ ရောင်းချ နိုင်သည်။ နွေအခါတွင်လည်း ဆည်ရေဖြင့် စိုက်ပျိုးထုတ်လုပ်မှုမှာ အောင်မြင်နေသည်။ မိုးရွာသွန်း မှုမှာ စပါးနှင့် ဆောင်းသီးနှံများ စိုက်ပျိုးရန် အထောက်အပံ့ဖြစ်သည်။ ကျေးရွာတွင် တဘူးလှရေ လှောင်တမံနှင့် ဥပုံချောင်းရေလွှဲဆည်တို့မှ နွေစပါးစိုက်ဧက(၂၈၃)ဧက ရေသွင်းစိုက်ပျိုးနိုင်သည်။ ကျေးရွာသည် လက်ရှိမြေသားလမ်းကို ကျောက်ချောလမ်းအဖြစ် တိုးချဲ့ဖေါက်လုပ်နိုင်မည်ဆိုပါက လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာပြီး ဥက္ကဋ္ဌ၊ တိုက်ကြီး၊ ရန်ကုန်စသော မြို့ကြီးများသို့ အလွယ်တကူ ကူးသန်းသွားလာနိုင်သည်။

ကျေးရွာတွင် မွေးမြူရေးအတွက် မြေနေရာရှိခြင်း၊ ဈေးကွက်လက်လှမ်းမီခြင်းတို့ကြောင့် မွေးမြူရေးပြုလုပ်ရန် အခွင့်အလမ်းသာသည်။ မွေးကုဋ္ဌာနနှင့်လည်း အလွယ်တကူ ချိတ်ဆက်နိုင် သည်။

ကျေးရွာတွင် ရာဇဝတ်မှုခင်း ဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည် ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။ ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားလူမှုဝန် ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမီ အသုံးပြုနိုင်ကြသည်။ ကျေးရွာတွင် အင်တာနက်အသုံးပြုနိုင်မှုမှာ အသင့်အတင့်မျှသာ ကောင်းမွန်ပြီး အခြားသတင်း အချက်အလက် များအတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။

(ခ) အဟန့်အတားနှင့် စိန်ခေါ်မှု

ကျေးရွာရှိ လယ်ယာမြေများမှာ မြေဆီလွှာအသင့်အတင့် ကောင်းမွန်သည်မှအပ အခြားသယံဇာတများ မထွက်ရှိပါ။ လယ်ယာမြေကို ထပ်မံတိုးချဲ့ရန်မှာ မဖြစ်နိုင်သဖြင့် လယ်သမားများအဖို့ အထွက်နှုန်းတိုးမြင့်အောင် အားစိုက်ရပေမည်။

တဘူးလှဆည်ရေလှောင်တမံမှ ဆည်ရေသွင်းစိုက်ပျိုးနိုင်သော်လည်း တိမ်ကော၊ ကျိုး၊ ပျက် နေသော ဆည်မြောင်းများကို ပြန်လည်ပြုပြင် တူးဖေါ်ခြင်း၊ ရေသွယ်မြောင်းများ ထပ်မံတိုးချဲ့ဖေါက် လုပ်ခြင်း၊ ဥပုံချောင်း ရေလွှဲဆည်မှ ရေလွှဲမြောင်းအား တူးဖေါ်ခြင်းဖြင့်၊ ရေသွင်းစိုက်ပျိုးနိုင်မည့် စိုက်ဧကတိုးတက်လာစေရန် ဆောင်ရွက်သင့်ပါသည်။

ထို့အပြင် ပိုးသတ်ဆေး အချို့ကိုခံနိုင်သော ဖျက်ပိုးများလည်း စပါးနှင့်၊ မတ်ပဲစိုက်ခင်းများ တွင်ကျရောက်တတ်သည်။ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာပိုင်းဆိုင်ရာ ဝန်ဆောင်မှုကို ရရှိနိုင်သော်လည်း ဖျက်ပိုးနှိမ်နှင်းရေးနှင့် ပါတ်သက်၍ ထိရောက်စွာ အကောင်အထည်ဖော်ပေးသော အစီအစဉ်မရှိသေးပါ။ တောင်သူများအနေဖြင့် ဘက်စုံပိုးမွှား နှိမ်နှင်းရေး၊ မျိုးကောင်းမျိုးသန့်၊ မျိုးစေ့ရရှိရေး၊ ခါတ်မြေဩ စနစ်တကျ သုံးစွဲနိုင်ရေးနှင့်၊ စိုက်ပျိုးရေး နည်းပညာများ လိုအပ် သည်။ ကျေးရွာတွင် ငွေတိုးချေးသူများရှိသော်လည်း အတိုးနှုန်းမှာ မြင့်မားတတ်သည်။ တောင်သူ များအတွက် စိုက်ပျိုးရေးဘဏ်များမှ လိုအပ်သောချေးငွေပမာဏကို နှစ်ရှည်ချေးပေးနိုင်သော စနစ်လိုအပ်သည်။ ဘဏ်များမှ ကျေးရွာအရောက် ဝန်ဆောင်မှုပေးသော စနစ်လည်းမရှိပဲ ချေးငွေ လိုအပ်သော အိမ်ထောင်စုများမှာ စီးပွါးရေးဘဏ်၊ ဖွံ့ဖြိုးရေးဘဏ်နှင့် အခြားချေးငွေ ဝန်ဆောင်မှု ပေးသော အဖွဲ့အစည်းများမှ ငွေချေးရန် စာရွက်စာတမ်း လိုအပ်ချက်များ ဖြည့်စွက်ရာများတွင် အခက်အခဲ ကြုံတွေ့ရတတ်သည်။

ကျေးရွာတွင် အိမ်တွင်းမှု ထုတ်ကုန်လုပ်ငန်းမရှိသဖြင့် အလုပ်အကိုင်နှင့် ဝင်ငွေပုံမှန်ရရှိရေး အတွက် အခက်အခဲများ ရှိနေပါသည်။ ဒေသတွင်လည်း အိမ်တွင်းမှုကုန်ထုတ် လုပ်ငန်းအတွက် ကုန်ကြမ်း၊ အတတ်ပညာ၊ အထိအတွေ့တို့ အားနည်းပါသည်။

ကျေးရွာသည် လမ်းပန်းဆက်သွယ်မှု ခက်ခဲသောကြောင့် ကျန်းမာရေး၊ ပညာရေး၊ စီးပွား ရေး၊ လူမှုရေး၊ ဘာသာရေး အစရှိသော ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာများ နှောင့်နှေးနေသည်။ မဟာဓါတ် အားလိုင်းနှင့် (၄/၀.၅)ဖါလုံသာ ဝေးကွာသော်လည်း လျှပ်စစ်မီးမရရှိသဖြင့် လူနေမှု အဆင့်အတန်း နိမ့်ကျနေသည်။

၆။ ပန်းတိုင်နှင့် မဟာဗျူဟာ

(က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျွန်ုပ်တို့ ကျေးရွာလူထုကိုယ်တိုင် တိုင်ပင်ညှိနှိုင်းပြီး လာမည့်ငါးနှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုး ရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်။

က.၁) ကျွန်ုပ်တို့ ကျေးရွာလူထုသည် စက်မှုလက်မှုလုပ်ငန်းမှ ကုန်ထုတ်လုပ်မှုမြှင့်တင်ခြင်း၊ စိုက် ပျိုးရေးနှင့် မွေးမြူရေးများမှ အလုပ်အကိုင်များဖန်တီးခြင်း၊ သက်မွေးပညာသင်တန်းများ ရရှိခြင်း မှတဆင့် ဝင်ငွေရှာဖွေနိုင်စွမ်းနှင့် စီးပွါးရေးအနေအထားကို တိုးတက်ရရှိစေမည်။

က.၂) ကျွန်ုပ်တို့ ကျေးရွာလူထုသည် စာတတ်မြောက်မှုနှင့် ပိုမိုကောင်းမွန်သော ပညာရေးမှတဆင့် ကလေးငယ်များ၏ လူသားဆိုင်ရာ စွမ်းဆောင်ရည်နယ်ပယ်ကို ကျယ်ဝန်းလာစေရမည်။

က.၃) ကျွန်ုပ်တို့ ကျေးရွာလူထုသည် ကျန်းမာရေး ဗဟုသုတပြည့်ဝ၍ ကျန်းမာရေး အခြေခံ အဆောက်အအုံများ တိုးတက်စေရမည်။ ကျန်းမာရေး အသိပညာများတိုးပွား၍ ကျန်းမာရေး ပြုစု စောင့်ရှောက်မှုများမှတဆင့် လူသားတိုင်း ကျန်းမာစေရမည်။ ကျန်းမာရေး ပညာပေးသင်တန်းနှင့် နည်းပညာများရယူကာ တစ်ရွာလုံး ကျန်းမာကြွံခိုင်သောသူများ ဖြစ်စေရမည်။

က.၄) ကျွန်ုပ်တို့ ကျေးရွာလူထုသည် အသက်မွေးဝမ်းကျောင်းနှင့် စီးပွားရေးအုပ်စုများ ဖွဲ့စည်းပြီး ကျေးရွာ အခြေပြု အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည် မြင့်မားလာမှုမှတဆင့်၊ ဖွံ့ဖြိုးရေးစီမံခန့်ခွဲမှု ယန္တရား တိုးတက်လာစေရမည်။

(ခ) အကောင်အထည်ဖော်နည်းဗျူဟာ

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

ခ.၁) ကျေးရွာတွင် ဘက်ပေါင်းစုံ ဖွံ့ဖြိုးတိုးတက်ရန်နှင့် လူနေမှုဘဝ တိုးတက်မြင့်မားလာစေရန် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ ငွေကြေး၊ နည်းပညာနှင့် နည်းပညာအသုံးချနိုင်စွမ်းရရှိရေးတို့ကို ဆောင်ရွက်ပြီး လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်မီး ရရှိရေးတို့ကို အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်သွားမည်။

ခ.၂) ကျေးရွာတွင် အရင်းအနှီးငွေ၊ နည်းပညာနှင့် နည်းပညာအသုံးချနိုင်စွမ်း ရရှိရေးတို့ကို ဆောင်ရွက်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားမည်။ အသေး စားငွေကြေးလုပ်ငန်းနှင့် ချေးငွေများအတွက် မြို့နယ်ရှိဘဏ်များ၊ ရင်းနှီးငွေရရှိနိုင်ရာ အခြားနေရာ များနှင့် ချိတ်ဆက်ပေးမည်။ အရင်းအနှီးငွေများ ရရှိပါက စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများ အတွက် ခွဲဝေချထားပေးမည်။ ကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေး နည်းပညာများ ထွန်းကားလာ ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေး နည်းပညာသင်တန်းများ တက်ရောက်နိုင်ရေးအတွက် သက် ဆိုင်ရာ နည်းပညာ ဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။ သင်တန်းတက်ထားသူများက တဖန်ကျေးရွာတွင် ရရှိထားသော နည်းပညာများကို မျှဝေပေးပြီး မိမိတို့ ကိုယ်တိုင်ကလည်း ကိုယ်ပိုင်လုပ်ငန်းများတွင် အသုံးချကာ ထုတ်လုပ်မှု တိုးတက်စေမည်။

ခ.၃) ကျွန်ုပ်တို့သည် အပ်ချုပ်၊ ဇာထိုးပန်းထိုး၊ ယိုနှင့်မုန့်လုပ်နည်း၊ ဆံပင်ညှပ်၊ စက်ပြင်၊ မော်တော်ဆိုင်ကယ် ပြင်နှင့် မိုဘိုင်းဖုန်းပြင်စသော သင်တန်းများတက်ရောက်နိုင်ရန် သင့်တော်သော သင်တန်းသားများကို တက်ရောက်နိုင်ရန် စီစဉ်ပေးမည်။ ထိုသင်တန်းများသည် သင်တန်းသားများ အတွက် ကျွမ်းကျင်မှုများကို တိုးပွါးရရှိစေပြီး ဝင်ငွေရလုပ်ငန်းများ ထူထောင်တိုးချဲ့နိုင်ရန် အရင်း အနှီးလုပ်ငန်း အစီအစဉ်နှင့် ချိတ်ဆက်ပေးမည်။

ခ.၄) ကျေးရွာတွင် စာသင်ကျောင်း၏ ခြံစည်းရိုးကာရံပြီး မူကြိုကျောင်းတစ်ဆောင် ဆောက်လုပ် ခြင်းဖြင့် ကလေးငယ်များ၏ ပညာအရည်အချင်း တိုးမြင့်လာရေးအတွက် ဆောင်ရွက်မည်။ ပညာ ရေးဌာနနှင့် ချိတ်ဆက်ပြီး မူလွန်ကျောင်းတစ်ဆောင် ဆောက်လုပ်ခြင်း၊ ဆရာ/ဆရာမများ နေထိုင် ရန်အဆောက်အဦများ ဆောက်လုပ်ခြင်းနှင့် ဘာသာရပ်အလိုက် ကျွမ်းကျင်မှုပြည့်ဝသော ဆရာ/ ဆရာမများ ခန့်ထားရရှိနိုင်ရေးတို့ကို ဆောင်ရွက်သွားခြင်းဖြင့် နိမ့်ကျနေသော ပညာရေးစနစ်ကို မြှင့်တင်သွားမည်။ ကျေးရွာတွင် စာကြည့်တိုက်ဆောက်လုပ်ပြီး ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်စေသော စာအုပ်၊ စာပေများထားရှိကာ စာဖတ်အလေ့အကျင့် ရရှိအောင် တွန်းအားပေးသွားမည်။

ခ.၅) ကျေးရွာတွင် သက်ဆိုင်ရာ ဌာနများနှင့် ချိတ်ဆက်ပြီး ချဉ်းကပ်လမ်း၊ ကျေးရွာချင်းဆက် လမ်းနှင့် ကျေးရွာတွင်းလမ်းများကို အဆင့်မီသော မြေသားလမ်းမှတဆင့် ကျောက်ချောလမ်း ရရှိ ရေးတို့ကို တိုးတက်အောင် ဆောင်ရွက်သွားမည်။ တချိန်တည်းတွင် ကျေးရွာလျှပ်စစ်မီးလင်းရေး အတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ချိတ်ဆက်ပြီး ရွာလုံးကျွတ်မီးလင်းစေရန် ဆောင်ရွက် ခြင်းဖြင့် နိမ့်ကျနေသော လူနေမှုဘဝကို မြှင့်တင်သွားမည်။

ခ.၆) ကျန်းမာရေးဌာနနှင့် ချိတ်ဆက်၍ လိုအပ်သော ဆေးဝါးကုသမှုများ မြန်ဆန်စွာရရှိရေး၊ ရေတွင်း၊ ရေကန်များကိုပြုပြင်၍ သန့်ရှင်းသော သောက်သုံးရေရရှိရေး၊ ယင်လုံအိမ်သာများ စနစ် တကျဆောက်လုပ် အသုံးပြုရေး၊ ကျန်းမာရေး အသိပညာပေး ဟောပြောပွဲများ မကြာခဏ ပြုလုပ် ဆောင်ရွက်ပေးခြင်းဖြင့်

ကျေးရွာလူထုသည် ကျန်းမာစွာဖြင့်၊ သက်တမ်းစေ့ေ သနှ့်ရှင်းသော သောက်သုံးရေရရှိရေး၊ ယင်လုံအိမ်သာများ စနစ် တကျဆောက်လုပ် အသုံးပြုရေး၊ ကျန်းမာရေး အသိပညာပေး ဟောပြောပွဲများ မကြာခဏ ပြုလုပ် ဆောင်ရွက်ပေးခြင်းဖြင့်၊ ကျေးရွာလူထုသည် ကျန်းမာစွာဖြင့်၊ သက်တမ်းစေ့ နေနိုင်ရန်အတွက် အကောင်အထည်ဖေါ် ဆောင်ရွက်သွားမည်။ တချိန်တည်းတွင် ကျေးရွာ အဆောက်အအုံများကို အသုံးပြုစီမံခန့်ခွဲ၊ ထိန်းသိမ်းရေးအတွက် စီမံခန့် ခွဲနိုင်စွမ်းကိုလည်း တိုးတက်အောင် ဆောင်ရွက်သွားကြမည်။ ကျေးရွာ လူမှုအဖွဲ့အစည်းများကို လည်း ကျေးရွာခြေပြုလုပ်ငန်းများကို အကောင်အထည်ဖော် စီမံခန့်ခွဲနိုင်ရန် ခေါင်းဆောင်မှု စွမ်းရည်များ ပိုမိုရရှိအောင် ဆောင်ရွက်ရန် တိုက်တွန်းအားပေး ဆောင်ရွက်မည်။

၇။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့် အထက်အဆင့်မှ ကူညီဖြေရှင်းပေးရမည့် ကိစ္စများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာ များနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြု ချက်အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသ ဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့် အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါ သည်။

(က) ကျေးရွာဖွံ့ဖြိုးရေး ရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပံ့မှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန် အရေးပါသည်။ အနာဂတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော် အစိုးရထံမှရရှိမည် ဟုမျှော်လင့်ပါသည်။ ကျွန်တော်တို့ ကျေးရွာသားများကိုယ်တိုင် အားထုတ် လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေး အစီအစဉ် များကိုလည်း သတ်မှတ်ကာလအတိုင်း ပံ့မှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့်အချက်မှာ ဦးစား ပေးစီမံချက်များနှင့် ဘတ်ဂျက်ပမာဏပါဝင်သည့် နှစ်ပတ်လည် ဖွံ့ဖြိုးရေးစီမံချက် ပြင်ဆင်ရန် ဖြစ်သည်။

(ခ) စိုက်ပျိုးမြေများ ထိရောက်စွာ အသုံးချနိုင်ရေး၊

ကျေးရွာတွင် စပါးအပြင် မတ်ပဲကို သီးထပ်အဖြစ် စိုက်ပျိုးကြသည်။ တောင်သူများအတွက် သီးနှံဖျက် ပိုးကျရောက်ခြင်းသည် အဓိကပြဿနာတစ်ရပ်ဖြစ်ပြီး ဖျက်ပိုးထိရောက်စွာ နှိမ်နှင်းရေး အတွက် နည်းစနစ် ရရှိရေးလိုအပ်သည်။ ဖျက်ပိုးနှိမ်နှင်းရေးအတွက် သက်ဆိုင်ရာဦးစီးဌာနမှ ဝန်ဆောင်မှုများ ကိုရသော်လည်း စိုက်ပျိုးရေး ထွက်ကုန်ပစ္စည်းများ ရောင်းချသည့် ပုဂ္ဂလိက အရောင်းဆိုင်များကို မှီခိုအားထားမှု ပိုများသည်။ သီးနှံဖျက်ပိုးများသည် ပိုးသတ်ဆေး အချို့ကို ခံနိုင်စွမ်းရှိကြကာ တောင်သူများအတွက် သီးနှံပျက်စီးမှုနှုန်း ဝင်ငွေလျော့နည်းမှု ဖြစ်စေသည်။ နည်း ပညာ အသုံးပြုပုံများအပါအဝင် ပိုးမွှားနှိမ်နှင်းရေး နည်းပညာအသစ် ရရှိရေးအတွက် စိုက်ပျိုးရေး ဦးစီးဌာနက ဦးစီးဦးရွက်ပြုသင့်ပါသည်။

(ဂ) လမ်းပန်းဆက်သွယ်ရေးနှုင့်၀် လျှပ်စစ်မီးလင်းရေး

ကျေးရွာ၏ ချဉ်းကပ်လမ်းသည် ဆည်မြောင်းဘောင်ဖြစ်နေ၍ အမည်ပေါက်လမ်းအဖြစ် သတ်မှတ်နိုင်ရန် ဆည်မြောင်း၀န်ကြီးဌာနက ဦးစီးဦးရွက် ပြုသင့်ပါသည်။ လက်ရှိမြေသားလမ်း အား အဆင့်မှီ တိုးချဲ့ဖေါက်လုပ်ခြင်း၊ ထိုမှတဆင့် ကျောက်ချောလမ်းခင်းပေးနိုင်ရန်နှင့် လျှပ်စစ်မီး လင်းရေးတို့ကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်

ရေးဦးစီးဌာနနှင့်၊ လျှပ်စစ်ဝန်ကြီးဌာနမှတဆင့်၊ သက်ဆိုင်ရာဌာနများနှင့်၊ ချိတ်ဆက်ကာ ဆောင်ရွက်ပေးခြင်းများကို ဦးစီးဦးဆောင် ပြုသင့်၊်ပါသည်။

(ဃ) ပညာရေးနှင့်၀့်၀ ကျန်းမာရေး

ကလေးငယ်များ၏ ပညာရေး တိုးတက်မြင့်၊်မားလာစေရန်အတွက် မူကြိုကျောင်းဆောင်နှင့်၊် မူလွန်ကျောင်းဆောင်များ ဆောက်လုပ်ရေး၊ ဘာသာရပ်အလိုက် ကျွမ်းကျင်မှုပြည့်၊်၀သော ဆရာ/ ဆရာမ လုံလောက်စွာရရှိရေးအတွက် ပညာရေး၀န်ကြီးဌာနမှ ပြုလုပ်ချမှတ်ပေးသင့်၊်ပါသည်။ ကျောင်းကျန်းမာရေးနှင့်၊် ကျေးရွာလူထု ကျန်းမာရေးအတွက် လိုအပ်သော ဆေး၀ါးနှင့်၊် ကျန်းမာရေး ၀န်ထမ်းများရရှိနိုင်ရန် ကျန်းမာရေး၀န်ကြီးဌာနမှ ဆောင်ရွက်ပေးသင့်၊်ပါသည်။

(င) ငွေရေးကြေးရေးနှင့် ဘဏ်လုပ်ငန်း

ကျေးရွာတွင် ဘဏ်လုပ်ငန်းများကိုလည်း ဆင်းရဲတောင်သူ၊ အလယ်အလတ် တောင်သူနှင့် တောင်သူကြီးများအတွက် လိုအပ်သောချေးငွေရရှိရန်နှင့်၊် ချေးငွေသက်တမ်း တိုးမြှင့်၊်ရန်အတွက် စနစ်များ ပြောင်းလဲချမှတ်သင့်သည်။ အထူးသဖြင့် လယ်သမားနှင့် အသေးစား လုပ်ငန်းရှင်များ သည် စိုက်ပျိုးရေးနှင့် အသေးစား စီးပွားရေးလုပ်ငန်းများအတွက် လိုအပ်သည့် ချေးငွေပမာဏနှင့်၊် အချိန်ကို မြန်မာ့စိုက်ပျိုးရေးဘဏ်မှလည်းကောင်း၊ ကျေးရွာတွင် စိုက်/ထွေသမအသင်း ဖွဲ့စည်းထား ခြင်းရှိသော်လည်း လယ်ယာမဲ့များအတွက် မွေးမြူရေးအသင်းတစ်သင်း ထူထောင်ရန် လိုအပ်သည့်၊် ချေးငွေပမာဏကို မြို့နယ်သမဝါယမအသင်းမှလည်းကောင်း ဆောင်ရွက်သင့်၊်ပါသည်။

(စ) ကျေးလက်အသေးစား စက်မှုလက်မှုလုပ်ငန်းများဆိုင်ရာ အထောက်အပံ့

ကျေးရွာတွင်း အသေးစားစက်မှုလက်မှု လုပ်ငန်းများဖွံ့ဖြိုးလာနိုင်မည့် အလားအလာရှိပြီး အလုပ်အကိုင်နှင့် အခြေတ်အစွန်းများရရှိရန် အထူးသဖြင့် လူငယ်နှင့် အမျိုးသမီးများအတွက် အခွင့် အလမ်းရှိပါသည်။ သို့သော် ၎င်းတို့တွင် လုပ်ငန်းဆိုင်ရာ စီမံအုပ်ချုပ်မှု နည်းပညာ၊ ဈေးကွက်၊ သတင်းအချက်အလက်များ လက်လှမ်းမီမှုတွင် အားနည်းပါသည်။ ကျေးရွာတစ်ခုလုံး၏ အမျိုးမျိုး ကွဲပြားနေသော လုပ်ငန်းများ (ကုန်ထုတ်ခြင်း၊ စက်မှု၊ လက်မှုလုပ်ငန်း)အတွက် လုပ်ငန်းစီမံခန့်ခွဲ ရေးထောက်ပံ့ခြင်းကို ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲခြင်းတွင် ထည့်သွင်းရေးဆွဲရန် ခက်ခဲပါ သည်။ ကျွန်တော်တို့ ကျေးရွာမှ အသေးစားလုပ်ငန်းများအတွက် အကျိုးဖြစ်ထွန်းစေမည့် လုပ်ငန်း သစ်များ ယခုအခါ အဆင်သင့်မတွေ့ရသေးပါ။

နိုင်ငံတော်အစိုးရအနေဖြင့်လည်း စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု အဖွဲ့တစ်ခုထူထောင်ပြီး မြို့နယ်အဆင့် စီမံခန့်ခွဲရေးအောက်တွင်ထားရှိကာ တစ်နှစ်ပတ်လုံး ဝန်ဆောင်မှုရရှိအောင် ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။ ထိုအဖွဲ့တွင် ကျွမ်းကျင်ပညာရှင်တစ်ချို့နှင့် တိုးချဲ့ပညာပေးရေး ဝန်ထမ်းအချို့ ပါ၀င်မည်ဖြစ်ပြီး၊ မြို့နယ်ဒေသမှသည် ကျေးရွာအထိလိုအပ်သော စီးပွားရေးလုပ်ငန်း၊ စီမံခန့်ခွဲမှု အထောက်အကူပြုလုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် လုံ လောက်သော ရန်ပုံငွေလည်း ရှိရပါမည်။

(ဆ) ကျေးလက်စျေးဆောက်လုပ်ရေး

ကျေးရွာတွင် ကျေးလက်စျေး မရှိပါ။

၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ

စီမံချက်များသည် အကောင်အထည်ဖော်မည့် ဗျူဟာများကိုလုပ်ငန်း ဆောင်ရွက်မှုများအဖြစ် သဘောထားနားလည်နိုင်စေမည့် ဖော်ထုတ်ထားချက်များဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ငါးနှစ်တာစီမံချက်ကာလအတွင်း ချမှတ်ထားသော ပန်းတိုင်များကိုရောက်ရှိရန် ပါဝင်ပေးမည့် ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်မှုဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း

ကျေးရွာလူထုက ငါးနှစ်တာ စီမံချက်ကာလအတွက် ပြင်ဆင်ပြုစုကြသည့်ကာလက ဖော်ထုတ်၊ ဦးစားပေးတန်းစီခဲ့ကြသည့် စီမံချက်များသည် မည်သို့မျှ ပြည့်စုံမှုမရှိနိုင်ပါ။ ဤသည်မှာ ကျေးရွာ လူထုသည် နှစ်နှစ်၊ သုံးနှစ်တာကာလ စီမံချက်များအတွက် မျှော်မှန်းရေးဆွဲထားနိုင်ကြသော်လည်း ငါးနှစ်တာကာလတစ်လျှောက်လုံးတွင် နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းများကိုလည်း ဖော်ထုတ်သွားကြပါမည်။ သို့ပါသောကြောင့် ရေးဆွဲထားသည့် ငါးနှစ်တာစီမံချက်သည် ပြင်းထန်သော သဘာဝဘေးအန္တရာယ်ကဲ့သို့ ထိခိုက်စရာများ မပေါ်ပေါက်ပါက အနည်းနှင့် အများဆိုသလို ပြောင်း လဲမှု မရှိနိုင်ပဲ နောက်ထပ်တိုးလာမည့် လုပ်ငန်းစီမံချက်များသာ ပါဝင်လာနိုင်ပါမည်။ ထို့ကြောင့် ငါးနှစ်တာကာလ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်၏ ဗျူဟာမြောက်မူဘောင်အတွင်း နှစ်ပတ်လည် ကျေးရွာ ဖွံ့ဖြိုးရေး အစီအစဉ်ကို ဆောင်ရွက်သွားကြပါမည်။

(ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း

စီမံကိန်း၊ စီမံချက်များကို စီမံချက်ဆိုင်ရာ အချက်အလက်များကို စီစစ်စိတ်ဖြာနိုင်ရန် လုပ်ငန်းရပ်ဆိုင်ရာနှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံပြီးအုပ်စုခွဲသည်။ လုပ်ငန်းကဏ္ဍကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional classification)ဖြင့် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများ အတွက် သက်ဆိုင်ရာ လုပ်ငန်းများအလိုက် ဆောင်ရွက်ဖွယ်ရာများကို သိရှိနားလည်စေနိုင်သည်။ ရင်းနှီးမြှုပ်နှံမှု အမျိုးအစားကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic classification) သည် စီမံချက်ကို အကဲဖြတ်ရာတွင် စီးပွားရေးအကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံး ငွေရင်းအသုံးစရိတ်၊ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူသားချင်းဆိုင်ရာ ထောက်ပံ့မှုတို့ကို ခွဲခြား သိရှိစေရန် အထောက်အကူပြုသည်။

လုပ်ငန်းကဏ္ဍကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional classification) ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏ လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic classify cation) တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့တို့ ပါဝင်သည်။

(ဂ) ဦးစားပေးစီမံချက်များ

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာ လူထုသည် နှစ်သက်ရာ အမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက် များဦးစားပေး အစီအစဉ် ကိုဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကိုရေးဆွဲရာတွင် မြို့နယ် အဆင့် ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာအကူအညီများ ရရှိရန်

လည်းလိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစား ပေးစီမံချက် လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်များမှာ -

ကဏ္ဍ	စီမံချက်	ရမှတ်ပေါင်း	အဆင့်	စီမံကိန်းအကြောင်းအရာ ဖော်ပြချက်	
အခြေခံအဆောက်အဦ	ကျေးရွာလမ်း၊ တံတား၊ ပို့ဆောင်ရေး အခြေခံ အဆောက်အဦများ တိုးတက်လာစေရေး	၁၀၀	၁	• ရန်ကုန်-ပြည်ကားလမ်းမှ ကျေးရွာအရောက် အမည် ပေါက် ချဉ်းကပ်လမ်းရရှိအောင် ဆောင်ရွက်ခြင်း၊ ချဉ်းကပ်လမ်းကို မြေသားလမ်း၊ ကျောက်ခဲလမ်း၊ ကွန်ကရစ်လမ်း၊ အဆင့်မြှင့်တင် ဆောင်ရွက်ခြင်း၊ ကျေးလက်ကျန်းမာရေးဌာနခွဲသို့ ကျေးရွာချင်းဆက် လမ်း ဖေါက်လုပ်ခြင်း၊ ရွာတွင်းလမ်းများကို တိုးချဲ့၍ ကျောက်ခဲလမ်း၊ ကွန်ကရစ်လမ်းသို့ အဆင့်တိုး မြှင့်ဆောင်ရွက်ခြင်း။	• ကျေးလက် ဦးစီး
လျှပ်စစ်မီးလင်းရေး	ကျေးရွာလုံးကျွတ် လျှပ်စစ်မီးလင်းရေး ချိတ်ဆက်ဆောင်ရွက်ခြင်း	၉၃	၂	• ကျေးရွာမီးလင်းရေး ကော်မတီဖွဲ့စည်းရန်၊ မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ တင်ပြခြင်း။	• ကျေးလက် ဦးစီး
ကျန်းမာရေး	ကျေးရွာ၏ကျန်းမာရေးကဏ္ဍ တိုးတက်လာစေရေး	၈၇	၃	• လက်နှိပ်တုံကင်၊ ရေတွင်း၊ ရေကန်များ တိုးချဲ့ပြုပြင် ခြင်း၊ ယင်လုံအိမ်သာ ဆောက်လုပ် အသုံးပြုရန် တိုက်တွန်းခြင်း၊ ကျန်းမာရေး အသိပညာပေး ဟောပြောပွဲများ မကြာခဏ ပြုလုပ်ပေးခြင်း။	
စိုက်ပျိုးရေး	စိုက်ပျိုးရေးဆိုင်ရာ နည်းပညာ ဗဟုသုတ တက်မြင်းကျင်မှုများ တိုးတက်လာစေရေး	၈၃	၄	• စိုက်ပျိုးရေး သွင်းအားစုများ ဆက်သွယ်မှုရရှိရန်၊ ဈေးကွက်နှင့် သတင်းချိတ်ဆက် လုပ်ဆောင်မှု ပြုလုပ်ခြင်း၊ မျိုးကောင်းမျိုးသန့် ထုတ်လုပ်ရေး နည်းပညာသင်တန်း၊ စပါးအထွက်တိုးနည်း ပညာသင် တန်း (ပိုးမွှားနှင့်ရောဂါ)၊ ဈေးကွက်ဆန်းစစ်ခြင်းနှင့် တန်းဖိုးမြှင့် ထုတ်ကုန်ဈေးကွက်သို့ တက်လှမ်းခြင်း၊ ရိတ်သိမ်းခြွေလျှော့စက်များ ငှားရမ်းနိုင်ရန် ပုဂ္ဂလိက လုပ်ငန်းရှင်များနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း။	• ကျေးလက် ဦးစီး
စိုက်ပျိုး၊ မွေးမြူရေး မဟုတ်သော အခြား	အလုပ်အကိုင် အခွင့်အလမ်းများပြား လာစေရေး	၇၁	၅	• သင်တန်းများနှင့် ဈေးကွက်ဆိုင်ရာ ဝန်ဆောင်မှု နည်းပညာ သင်တန်းများပေးခြင်း၊ ဒေသနှင့် သင့်	

ကဏ္ဍ	စီမံချက်	ရမှတ်ပေါင်း	အဆင့်	စီမံကိန်းအကြောင်းအရာ ဖော်ပြချက်	
ဝင်ငွေရ လုပ်ငန်း				လျော်သော အသက်မွေးဝမ်းကျောင်းပညာ ပေးခြင်း (အလှပြင်၊ မုန့်ဝိုလုပ်၊ စက်ပြင်၊ ဆိုင်ကယ်ပြင်) ကုန်ချောထုတ်လုပ်ခြင်း၊ နည်းပညာ တိုးတက်ဖွံ့ဖြိုးရေး။	
လူငယ်၊ ယဉ်ကျေးမှု နှင့်ဝဒ အားကစား	လူငယ်များအား စွမ်းအောင်ရည် မြှင့်တင်ပေးရေး	၇၀	၆	• အခြေခံ ခေါင်းဆောင်မှုသင်တန်း၊ အဖွဲ့အစည်း၊ စီမံခန့်ခွဲမှု သင်တန်း၊ ဆက်ဆံရေးနှင့် ပဲ့ပိုးမှု တိုးတက်လာစေရေးသင်တန်း၊ စာကြည့်တိုက် ဆောက်လုပ်ဖွင့်လှစ်နိုင်ရေး။	• ကျေးလက်ဦးစီး
ပညာရေး	ကျေးရွာ၏ ပညာတတ်မြောက်မှု တိုးတက်ရေး	၆၀	၇	• မူကြို၊ မူလွန်ကျောင်းနှင့် ကလေး အားကစားကွင်းတည်ဆောက်ပေးခြင်း၊ ဆရာ၊ ဆရာများ နေထိုင်ရန် အဆောက်အဦး ဆောက်လုပ်ခြင်း၊ ကျောင်းပရိဘော ဂ ဖြည့်တင်းခြင်း။	
ဘဏ်နှင့်ဝဒ ငွေကြေးဝန်ဆောင်မှု	သင့်တင့်သော အတိုးနှုန်းဖြင့် ကာလ ရှည် ချေးငွေပေးနိုင်မည့် အဖွဲ့များနှင့် ချိတ် ဆက်ရေး	၅၁	၈	• ချေးငွေဝန်ဆောင်မှု အဖွဲ့များနှင့် ချိတ်ဆက်ခြင်း၊ အတိုးနှုန်း သက်သာပြီး၊ ကာလရှည် ထုတ်ချေးပေးနိုင်မည့် အဖွဲ့များနှင့် ချိတ်ဆက်ပေးခြင်း၊ ချေးငွေအတွက် လိုအပ်သော အထောက်အထားများ ပြင်ဆင်ခြင်း။	
အုပ်ချုပ်ရေး	အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ စွမ်းဆောင်ရည် မြှင့်တင်ပေးရေး။	၄၅	၉	• ကျေးလက်ဒေသသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း၊ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဖွဲ့စည်းဆောင်ရွက်ခြင်း၊ အလုပ်အမှုဆောင် ကော်မတီများ ဖွဲ့စည်းခြင်း၊ ခေါင်းဆောင်မှုနှင့် ငွေကြေးစီမံခန့်ခွဲမှု သင်တန်းများ စီစဉ်ခြင်း၊ အဖွဲ့အစည်းဆိုင်ရာ အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေး သင်တန်းများ စီစဉ်ခြင်း။	
မွေးမြူရေး	မွေးမြူရေး လုပ်ငန်းဆိုင်ရာ တိုးတက် ရေး	၄၀	၁၀	• ဈေးကွက်သဘောတရား၊ နားလည်မှုစွမ်းရည်မြှင့်တင်ရေး၊ ကုန်ချော ထုတ်လုပ်မှု လုပ်ငန်းစဉ် အဆင့်ဆင့်အား နားလည်မှု စွမ်းရည်မြှင့်တင်ရေး။	

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေး စီမံချက်များကို အကောင်အထည် ဖော်ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များအား အခြေခံ၍ ရေးဆွဲထား ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းကာလများကို နှစ်စဉ်ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလ အပိုင်းအခြားများကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

စဉ်	စီမံချက် (Project)	ဦးစားပေး အဆင့်	၂၀၁၇	၂၀၁၈	၂၀၁၉	၂၀၂၀	၂၀၂၁
၁	ကျေးရွာလမ်း၊ တံတား၊ ပို့ဆောင် ရေး အခြေခံ အဆောက်အဦများ တိုးတက် လာစေရေး	၁	Â	Â	Â	Â	Â
၂	ကျေးရွာလုံးကျွတ် လျှပ်စစ်မီးလင်း ရေးရိုတ်ဆက်ဆောင်ရွက်ခြင်း	၂	Â	Â	Â	Â	Â
၃	ကျေးရွာ၏ ကျန်းမာရေးကဏ္ဍ တိုးတက်လာစေရေး	၃	Â	Â	Â	Â	Â
၄	စိုက်ပျိုးရေးဆိုင်ရာ နည်းပညာ ဗဟု သုတ ကျွမ်းကျင်မှုများ တိုးတက်လာ စေရေး	၄	Â	Â	Â	Â	Â
၅	အလုပ်အကိုင် အခွင့်အလမ်း များပြား လာစေရေး	၅	Â	Â	Â	Â	Â
၆	လူငယ်များအား စွမ်းအောင်ရည် မြှင့်တင်ပေးရေး	၆	Â	Â	Â	Â	Â
၇	ကျေးရွာ၏ ပညာတတ်မြောက်မှု တိုးတက်ရေး	၇	Â	Â	Â	Â	Â
၈	သင့်တင့်သော အတိုးနှုန်းဖြင့် ကာ လရှည် ချေးငွေပေးနိုင်မည့် အဖွဲ့များ နှင့် ချိတ်ဆက်ရေး	၈	Â	Â	Â	Â	Â
၉	အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ စွမ်းဆောင်ရည် မြှင့်တင်ပေးရေး။	၉	Â	Â	Â	Â	Â
၁၀	မွေးမြူရေး လုပ်ငန်းဆိုင်ရာ တိုးတက်ရေး	၁၀	Â	Â	Â	Â	Â

၉။ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖေါ်ပြထားသော စီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်း နမူနာ(indicative)အဖြစ် ကိုးကားရန် ပမာဏသာ ဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက်ပမာဏ တွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည် ဖြစ်ပါသည်။ ကျေး ရွာဖွံ့ဖြိုးရေးအဖွဲ့သည် တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာ အဖွဲ့အစည်း များနှင့် ဝန်ဆောင်မှုပေးသည့် လုပ်ငန်းများထံမှ ဘတ်ဂျတ်အပါအဝင် စီမံချက်ပြုစု ရေးဆွဲရေး အကူ အညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက် ပမာဏတွင် ကျေးရွာလူထု ၏ ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖေါ်ပြထားခြင်းမရှိပါ။ (ငွေသား မဟုတ်သော ထည့်ဝင်မှု၊ ဥပမာ - လုပ်အား၊ သဲ၊ ကျောက်၊ ပစ္စည်း ကိရိယာ၊ အချိန် စသည်)

စီမံချက်ဘတ်ဂျက်

စဉ်	စီမံချက်	ကျေးရွာတရုန်ပုံငွေ	ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း (ကျပ်)			
			သာမန်အသုံးစရိတ်	ငွေလုံးငွေရင်းအသုံးစရိတ်	စွမ်းဆောင်ရည်မြှင့်တင်ရေး	လူသားချင်းစာနာမှုအထောက်အပံ့
၁	ကျေးရွာလမ်း၊ တံတား၊ ပို့ဆောင် ရေးအခြေခံ အဆောက်အဦများ တိုးတက်လာစေရေး					
၂	ကျေးရွာလုံးကျွတ် လျှပ်စစ်မီးလင်းရေးချိတ်ဆက်ဆောင်ရွက်ခြင်း					
၃	ကျေးရွာ၏ ကျန်းမာရေးကဏ္ဍ တိုးတက်လာစေရေး					
၄	စိုက်ပျိုးရေး ဆိုင်ရာ နည်းပညာ ဗဟုသုတ ကျွမ်းကျင်မှုများ တိုး တက်လာစေရေး					
၅	အလုပ်အကိုင် အခွင့်အလမ်း များ ပြားလာစေရေး					
၆	လူငယ်များအား စွမ်းအောင်ရည် မြှင့်တင်ပေးရေး					
၇	ကျေးရွာ၏ ပညာတတ်မြောက်မှု တိုးတက်ရေး					
၈	သင့်တင့်သော အတိုးနှုန်းဖြင့် ကာလရှည် ချေးငွေပေးနိုင်မည့် အဖွဲ့များနှင့် ချိတ်ဆက်ရေး					
၉	အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်မှု ဆိုင်ရာ စွမ်းဆောင်ရည် မြှင့်တင်ပေးရေး။					
၁၀	မွေးမြူရေး လုပ်ငန်းဆိုင်ရာ တိုးတက်ရေး။					

၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲခြင်းကို ကျေးရွာလူထုက ဦးဆောင်အကောင်အထည် ဖော်မည်ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန်ရှိပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲခြင်းတွင်ပါဝင်သော စီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင်အထည်ဖော်ရန် တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာလူထု၏ တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာ ဖွံ့ဖြိုးရေးအဖွဲ့သည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကို အဓိကယူပါမည်။ အဖွဲ့အစည်း အသီးသီး၊ ကော်မတီ အသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများ ဆောင်ရွက် နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာ အသင်းသည် ကျေးရွာမူလတန်းကျောင်း၏ ပညာရေး အရည်အသွေး

ကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာ လယ်ယာကုန်ထုတ်လမ်း အဆင့်မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်း ဖြစ်ပါသည်။

(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ ကျေးရွာအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည် ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှု တာဝန်ယူဆောင်ရွက်သော်လည်း အခြားသောဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့များကို လည်း ရှာဖွေဆက်သွယ် ပူးပေါင်းရန် လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သော အကူအညီများ ရယူ ဆောင်ရွက်ရန်ဖြစ်ပါသည်။ ဥပမာ-မိဘဆရာ အသင်းသည် မူလတန်းပညာရေးသင်ကြားမှု အရည်အသွေး တိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်း ဆောင်ရွက် ရပါမည်။ လယ်သမား အဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်း အထောက်အကူပြု လမ်း အဆင့်မြှင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေးဌာနနှင့် ဆက်သွယ်၍ အင်ဂျင်နီယာ ဒီဇိုင်းပုံစံနှင့် တွက် ချက်မှုဆိုင်ရာ အကူအညီများ ရယူရပါမည်။

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ် လုပ်ငန်းအမျိုးအစား ဖော်ပြချက်တွင် တင်ဒါခေါ်ယူ ဆောင်ရွက်ရမည့် ကိစ္စများကိုလည်း တွေ့ရပါမည်။ ဤလုပ်ငန်း အမျိုးအစားများအတွက် အောက်ပါ အဖွဲ့အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာ အမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင် ရာ ဝန်ဆောင်မှုပေးသည့်အဖွဲ့များ (နိုင်ငံတကာ ဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေး လမ်းအဖွဲ့အစည်းများ၊ ပုဂ္ဂလိက အဖွဲ့အစည်များ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင် ဖေါ်ပြထား သော သတ်သတ်မှတ်မှတ် ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး လွှမ်းခြုံ ကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့က တာဝန်ပေးထားသော အဖွဲ့ခွဲ၏ တာဝန်သာ ဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာ ဦးစီးဌာနက တာဝန်ယူ ပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေး အဖွဲ့သည် တာဝန်ပေးထားသော အဖွဲ့ခွဲကိုဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

(ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်း ဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာ အစီအမံများ

ကျွန်ုပ်တို့ ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေး အစီအစဉ် များထားရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံး ပြုခကောက်ခံခြင်း၊ စေတနာအလျောက် ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ကို ဆောင်ရွက်မည်။ ထို့အပြင် တံတားပေါ် ဖြတ်သန်းသွားလာ သယ်ယူမည့်ပစ္စည်းများ၏ ပမာဏကို ကန့်သတ်ခြင်း ကဲ့သို့သော စည်းကမ်းများ သတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာအဖွဲ့ခွဲ အား တာဝန်အပ်နှင်း ဆောင်ရွက်မည်ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင် ထိန်းသိမ်းရေး အတွက် လမ်းကော်မတီ၊ စာသင်ကျောင်း ပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်းစသည်ဖြင့် ဆောင်ရွက်ပါမည်။

၁၁။ စီမံကိန်းအားစဉ်ဆက်မပြတ် လေ့လာဆန်းစစ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း အကောင်အထည်ဖော်ရာတွင် တိုးတက်မှုအခြေအနေများအား စနစ်တကျ ကြီးကြပ်စစ်ဆေး အကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသော နည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေး အကဲဖြတ်သည့်လုပ်ငန်းကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း အကောင်အထည်ဖော်သော နည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများ၊ အိမ်ထောင်စုများတက်ကြွစွာအတူ ပူးပေါင်းဆောင်ရွက်ရန် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သော အဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်နည်းများ တည်ဆောက်ပါမည်။

(က) ကြီးကြပ်စစ်ဆေးခြင်း (Monitoring)

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း၏ လုပ်ငန်း ပိုင်းဆိုင်ရာ တိုးတက်မှုနှင့် ငွေကြေးဆိုင်ရာ တိုးတက်မှုတို့ကို စနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၎င်းစစ်ဆေးခြင်းကို (၃)လပတ် အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်း လုပ်ငန်း ကို ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာ စီမံကိန်းလုပ်ငန်းအလိုက် တာဝန်ယူဆောင် ရွက်နေသော အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့က မိမိတို့ တာဝန်ကျရာ ကဏ္ဍအလိုက် စစ်ဆေး သုံးသပ်ပါမည်။

အဖွဲ့ခွဲအသီးသီးသည် မိမိတို့၏စီမံကိန်းဆိုင်ရာ ကနဦး သတင်းအချက်အလက်များ ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံ သတင်းအချက်အလက်များသည် စီမံကိန်း၏ တိုးတက်မှုကို တိုင်းတာ မည့် အညွှန်းကိန်းများ ဖြစ်ပါမည်။ (၃)လပတ် ကုန်ဆုံးချိန်တိုင်းတွင် အဖွဲ့နှင့် အဖွဲ့ခွဲအသီးသီးသည် ၎င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိ မှုအစီရင်ခံစာကို ရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက်ညှိနှိုင်းဆောင်ရွက်ရမည့်ကိစ္စများကို ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့မှ ဦးဆောင်ပါမည်။ (၃)လ ပတ် ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည်။

(၁) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု

- စီမံကိန်းလုပ်ငန်းများ လုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသော အခက်အခဲအဟန့်အတားများနှင့် ပြုပြင်သင့် သော အဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့် စီမံကိန်းများ၊

(၂) ငွေကြေးဆိုင်ရာတိုးတက်မှု

- ငွေသားနှင့် ငွေသားမဟုတ်သော အရင်းအနှီးလိုအပ်ချက်များ စုစည်းပြီးစီးမှု (မူလလျာထား ချက်နှင့် နှိုင်းယှဉ်၍)၊
- (၃)လပတ် ကုန်တွင်ရှိသော ငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊
- ငွေသားနှင့် ငွေသားမဟုတ်သော အရင်းအမြစ်များ စုဆောင်းရာတွင် ကြုံတွေ့နေရသော အခက်အခဲများ၊ ပြဿနာများ၊
- ငွေကြေး စုဆောင်းပြင်ဆင်မှု တိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် (၃)လပတ် ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာ အနှစ်ချုပ်ကို ပြုစု ပြင်ဆင်ပြီး သက်ဆိုင်ရာ ကျေးရွာအုပ်စု ဥက္ကဋ္ဌနှင့် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများသို့ အစီရင် ခံစာ ပေးပို့ပါမည်။ အစီရင်ခံစာသည် စာမျက်နှာ ၂-၃ မျက်နှာခန့်ပါဝင်၍ အောက်ပါအချက်များကို အဓိကထားဖော်ပြပါမည်။ ၎င်းအစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှားမှုများ၊ ကျေးရွာ သူ/သားများ ပြုပြင်ပြောင်းလဲဆောင်ရွက်မည့် အစီအစဉ်များ၊ လိုအပ်သောအကူအညီ အထောက်အပံ့များ စသည်တို့ပါ ဝင်ပါမည်။

(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲခြင်းအကဲဖြတ်ပွဲ

စီမံကိန်းကာလ နှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှု အခြေအနေကို ဘက်စုံ ရှုထောင့်မှ ပြန်လည်သုံးသပ် အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ် ချက်မှာ ကျွန်ုပ်တို့ ဆောင်ရွက်သော ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများကို အောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာက ဖိတ်ကြားအသိပေး တင်ပြနိုင်သော အခွင့် အလမ်း ဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့် အဖွဲ့အစည်းများမှာ-

- ကျေးရွာအုပ်စု အုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးနှင့် အခြားသက်ဆိုင်ရာ အဖွဲ့အစည်း များ (ငွေကြေးထည့်ဝင်သူများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ)၊ သတင်းမီဒီယာများ၊ ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ စသည်တို့ ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်းများနှင့် အခြားပါဝင် သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များ ရယူနိုင်သော အခွင့်အလမ်းကိုလည်း ရရှိပါမည်။ ဤအကြံပြုချက်များဖြင့် ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို ပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

(ဂ) နည်းပညာဆိုင်ရာ အကူအညီ

ယခုကဲ့သို့ ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းနှင့် စီမံဆောင်ရွက်စဉ် အစကနဦး ကာလတွင် အချိန်ပိုင်းအလိုက် လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာကဲ့သို့ နည်းပညာ အကူအညီ များကို မြို့နယ်အဖွဲ့ အစည်းများထံမှ လိုအပ်မည်ဖြစ်သည်။

နောက်ဆက်တွဲ (၁)

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ

(၁.၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း	စုစုပေါင်း၏ %
၁ နှစ်အောက်	နို့စို့အရွယ်	၂	၁၃	၁၅	၂.၇၃%
၁ နှစ်မှ ၅နှစ်အောက်	၅နှစ်အောက်ကလေးငယ်	၂၀	၁၉	၃၉	၇.၁၀%
၅ နှစ်မှ ၉နှစ်အထိ	မူလတန်းကျောင်းသားအရွယ်	၂၉	၁၈	၄၇	၈.၅၆%
၉ နှစ်အထက်မှ ၁၅ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၄၁	၃၁	၇၂	၁၃.၁၀%
၁၅ နှစ်အထက်မှ ၆၀နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၁၇၀	၁၇၄	၃၄၄	၆၂.၆၆%
၆၀ နှစ်နှင့် အထက်	သက်ကြီးရွယ်ကြီး	၁၀	၂၂	၃၂	၅.၈၂%

အသက်အုပ်စု	ကျား	မ	စုစုပေါင်း	စုစုပေါင်း၏ %
စုစုပေါင်း လူဦးရေ - ၅၄၉	၂၇၂	၂၇၇	၅၄၉	၉၉.၉၈%
စုစုပေါင်း အိမ်ထောင်စု - ၁၁၄	**တစ်အိမ်ထောင်ရှိ ပျမ်းမျှဦးရေ - ၄.၈၁%**			

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက် ။ ။ ကျေးရွာတွင် အိမ်ထောင်စုစာရင်းကောက်ယူမှုအရ ကျေးရွာ၏ စုစုပေါင်း လူဦးရေမှာ ကျား(၂၇၂)ဦး၊ မ(၂၇၇)ဦး၊ ပေါင်း(၅၄၉)ဦး ရှိပါသည်။ အိမ်ထောင်စု(၁၁၄)စုရှိ ပြီး ကျေးရွာတစ်အိမ်ထောင်၏ ပျမ်းမျှလူဦးရေ (၄.၈၁%)ရှိရာ နိုင်ငံတော်၏ တစ်အိမ်ထောင် ပျမ်းမျှ လူဦးရေနှုန်းနှင့် ညီမျှသည်ဟုဆိုရမည်။ ကျေးရွာတွင် ဗမာလူမျိုးများ နေထိုင်ပြီး အလုပ်လုပ်နိုင် သောလူဦးရေသည် ကျေးရွာလူဦးရေ၏ (၆၂.၆၆%)ရှိသဖြင့် လူသားရင်းမြစ်ကောင်းတစ်ရပ်ဖြစ်ကာ ဒေသနှင့် လိုက်လျောညီထွေသော အလုပ်အကိုင် အခွင့်အလမ်းများ ရှိမည်ဆိုပါက ဒေသစီးပွားရေး တိုးတက်ကောင်းမွန် လာမည်မှာ အသေအချာပင်ဖြစ်သည်။ အလုပ်လုပ်နိုင်သော လူဦးရေသည် အမျိုးသမီးများသည် အမျိုးသားများနှင့် မကွာသည့်အတွက် နီးစပ်ရာဒေသများတွင် အထည်ချုပ် စက်ရုံများရှိမည်ဆိုပါက ကျေးရွာ၏ စီးပွားရေးမှာ ပိုမိုကောင်းမွန်လာမည်ဟု လေ့လာတွေ့ရှိရပါ သည်။

(၁.၂) အလုပ်လုပ်နိုင်သူ အင်အား

(၁.၂.၁)လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်			တွဲဖက်လုပ်ကိုင်သူဦးရေ	မှတ်ချက်
		အိမ်ထောင်စု	%	မိသားစုဝင်လုပ်အား		
၁	**စိုက်ပျိုးရေး (သီးနှံ ထုတ်လုပ်ရေး)**					
	ကိုယ်ပိုင် လုပ်ငန်း	၂၇	၂၃.၆၈%	၃၈	၂၁	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၆၆	၅၇.၈၉%	၁၁၆	၁၆	
၂	**တိရစ္ဆာန် မွေးမြူရေး**					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
၃	**ငါးဖမ်း လုပ်ငန်း**					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
၄	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**					

စဉ်	လုပ်ငန်းများ	အိမ်ထောင်စု	အဓိက အလုပ်အကိုင်		မိသားစုဝင်လုပ်အား	တွဲဖက်လုပ်ကိုင်သူဦးရေ	မှတ်ချက်
			%				
	ကိုယ်ပိုင် လုပ်ငန်း						
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား						
၅	**ထုတ်ကုန်လုပ်ငန်း**						
	ကိုယ်ပိုင် လုပ်ငန်း						
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား						
၆	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**						
	ကိုယ်ပိုင် လုပ်ငန်း						
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား						
၇	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**						
	ကိုယ်ပိုင် လုပ်ငန်း						
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား						
၈	**ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး**						
	ကိုယ်ပိုင် လုပ်ငန်း						
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား						
၉	**ကျွမ်းကျင်ပညာရှင်များ (ဆရာဝန်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**						
	ကိုယ်ပိုင် လုပ်ငန်း						
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၉	၇.၈၉%		၂၂	၄	
၁၀	**လက်လီ-လက်ကား ရောင်းဝယ်ရေး**						
	ကိုယ်ပိုင် လုပ်ငန်း	၁	၀.၈၈%		၂	၁	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား						
၁၁	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**						
	ကိုယ်ပိုင် လုပ်ငန်း						
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား						
၁၂	**ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး**						
	ကိုယ်ပိုင် လုပ်ငန်း						
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား						
၁၃	**ငွေရေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေရေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**						
	ကိုယ်ပိုင် လုပ်ငန်း						
	အလုပ်သမား၊ ကျပန်း၊						

စဉ်	လုပ်ငန်းများ	အိမ်ထောင်စု	အဓိက အလုပ်အကိုင်		မိသားစုဝင်လုပ်အား	တွဲဖက်လုပ်ကိုင်သူဦးရေ	မှတ်ချက်
			%				
	ရာသီအလိုက် အလုပ်သမား						
၁၄	**အိမ်ခြံမြေ ဧရာင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**						
	ကိုယ်ပိုင် လုပ်ငန်း						
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား						
၁၅	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**						
	ကိုယ်ပိုင် လုပ်ငန်း						
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား						
၁၆	**ပညာရေး**						
	ကိုယ်ပိုင် လုပ်ငန်း						
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား						
၁၇	**ကျန်းမာရေး**						
	ကိုယ်ပိုင် လုပ်ငန်း						
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား						
၁၈	**လူမှုရေး လုပ်ငန်းများ**						
	ကိုယ်ပိုင် လုပ်ငန်း						
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား						
၁၉	**အိမ်များတွင် အင်္ဂါလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**						
	ကိုယ်ပိုင် လုပ်ငန်း						
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား						
၂၀	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ (ဥပမာ - UN, INGOs, Companies, etc.,)**						
	ကိုယ်ပိုင် လုပ်ငန်း						
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၁၁	၉.၆၄%		၂၂	၂	
	စုစုပေါင်း	**၁၁၄**	**၁၀၀%**		**၂၀၀**	**၄၄**	

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက် ။ ။ ကျေးရွာတွင် ကိုယ်ပိုင်လယ်ယာမြေ လုပ်ကိုင်သူအိမ်ထောင်စု(၂၇)စု သာရှိပြီး တစ်ရွာလုံးစုစုပေါင်း အိမ်ထောင်စု၏(၂၃.၆၈%)သာရှိသည်။ အဓိကလုပ်ငန်း အထည်ချုပ် စက်ရုံများတွင် လုပ်ကိုင်နေသော အိမ်ထောင်စုမှာ (၉)စုရှိပြီး တစ်ရွာလုံးအိမ်ထောင်စု၏ (၇.၈၉%)ရှိ သည်။ ပြင်ပနိုင်ငံများတွင် သွားရောက်လုပ်ကိုင်နေသော ဝင်ငွေကိုသာ အဓိကအားထားနေရသော အိမ်ထောင်စုမှာ(၁၁)စုရှိရာ တစ်ရွာလုံး အိမ်ထောင်စု စုစုပေါင်း၏(၉.၆၄%)ရှိသည်။ ကျပန်းအလုပ် အနေဖြင့် အသက်မွေးဝမ်းကျောင်းပြုနေသည့် အိမ်ထောင်စုမှာ အထက်ပါအချက်များကို ကြည့်ခြင်း အားဖြင့်

လယ်ယာမြေ ပိုင်ဆိုင်သူနည်းပါးပြီး ဆင်းရဲသားကျပန်း အလုပ်သမား များပြားသည်။ ကုန် စုံဆိုင်ဖွင့်၍ မိသားစုဘဝကို ရပ်တည်နေသော မိသားစု(၁)စုရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(၁.၂.၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)		မှတ်ချက်
			ကျား	မ	ကျား	မ	
၁	လယ်ယာလုပ်ငန်း	နေ့စား	၅၀၀၀	၃၀၀၀	၃၅၀၀	၂၅၀၀	
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား					
၃	ငါးလုပ်ငန်း - ရေချို/ ရေငန်၊ငါးဖမ်းခြင်း၊ ငါးပိ၊ ငါးခြောက်လုပ်ငန်း	နေ့စား	၆၀၀၀	-	၂၀၀၀	-	
၄	သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား					
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား					
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၆၀၀၀	၃၀၀၀	၃၅၀၀	၂၅၀၀	
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း များပြင်ဆင်ရေး	နေ့စား					
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား					
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေး သူစသည်)	နေ့စား	-	၃၆၀၀	-	၃၆၀၀	
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	နေ့စား					

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက်

(၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့်ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက် ။ ။ ကျေးရွာတွင် လယ်ယာလုပ်ငန်းလုပ်ကိုင်သူ အမျိုးသားတစ်ဦး၏ တစ်နေ့လုပ်အားခ အများဆုံးမှာ (၅၀၀၀)ကျပ်ဖြစ်ပြီး တစ်နာရီဝင်ငွေမှာ (၆၂၅)ကျပ်ဖြစ်ပါသည်။ အမျိုးသမီးတစ်ဦး၏ တစ်နေ့လုပ်အားခ အများဆုံးမှာ(၃၀၀၀)ကျပ်ရရှိပြီး အမျိုးသမီးတစ်ဦး၏ တစ်နေ့လုပ်အားခ အများဆုံးမှာ(၃၀၀၀)ကျပ်ဖြစ်ပြီး တစ်နာရီဝင်ငွေမှာ(၃၇၅)ကျပ် သာရရှိပါသည်။ ကျေးရွာတွင် ငါးရှဉ့်ထောင်ခြင်းလုပ်ငန်းမှာ တစ်နေ့ဝင်ငွေ အများဆုံး ပျမ်းမျှလုပ်အားခ (၆၀၀၀)ခန့် နှင့် အနည်းဆုံးပျမ်းမျှ(၂၀၀၀)ခန့် ရရှိသည်။ အထည်ချုပ်စက်ရုံတွင် လုပ်ကိုင်နေသော အမျိုးသမီး တစ်ဦး၏(၁)ရက်ဝင်ငွေမှာ (၃၆၀၀)ကျပ်ဖြစ်ပြီး တစ်နာရီဝင်ငွေမှာ (၄၅၀)ကျပ်ဖြစ်ပြီး အချိန်ပိုဆင်း ရလျှင် (၇၂၀၀)အထိ ရရှိပါသည်။ အထက်ပါ အချက်များကို ကြည့်ခြင်းအားဖြင့် အမျိုးသားနှင့် အမျိုးသမီးများ၏ ဝင်ငွေနှင့် လုပ်အားခမှာ မကွာခြားသည်ကို လေ့လာတွေ့ရှိရပါ သည်။

(၁.၃) သဘာဝရင်းမြစ်များ

(၁.၃.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့	ဆည်ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း)	ရေရင်းမြစ် (ရေရရှိသည့်နေရာ/ ရေပေးနိုင်သည့်ဧက)
လယ်မြေ	၂၅၅.၅၀	သင့်တင့်	ရ	တဘူးလှဆည်(၂၄၀ ဧက)
ယာမြေ /တောင်ယာ				
ဥယျာဉ်ခြံမြေ				
အိမ်ခြံဝင်း စိုက်ခင်း				
နှစ်ရှည်သီးနှံစိုက်ခင်း				
ရွှေပြောင်းတောင်ယာမြေ				
ကိုင်း/ကျွန်းမြေ				
စားကျက်မြေ	၄၀	ကောင်း	ရ	၄၀
ပလပ်မြေ	၃	သင့်တင့်	ရ	၃
အခြား	၂	သင့်တင့်	-	-
စုစုပေါင်း	**၃၀၀.၅၀**	**-**	**-**	**၂၈၃ ဧက**

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမားအုပ်စု။
မှတ်ချက် ။ ။ ရေရှိသည့် နေရာအမျိုးအစား-ဆည်၊ မြစ်ရေတင်၊ စိမ့်စမ်းရေသွယ်၊ မြေအောက်ရေ

လေ့လာတွေ့ရှိချက် ။ ။ ကျေးရွာတွင် စိုက်ပျိုးနိုင်သော လယ်မြေဧက စုစုပေါင်း (၃၀၀.၅၀) ဧကရှိသည့်အနက် မိုးအခါတွင် (၂၅၈.၅၀)ဧကအား စိုက်ပျိုးနိုင်ပြီး နွေအခါတွင် ဆည်ရေဖြင့် (၂၄၀) ဧကစိုက်ပျိုးနိုင်သည်။ ကျန်ရှိသော လယ်မြေဧကများမှာ မတ်ပဲ၊ မြေပဲနှင့် ဘိုကိတ်ပဲများ အနည်း ငယ် စိုက်ပျိုးကြသည်။ အခြားမြေ(၂.၀၀)ဧကခန့်ကို ကျေးရွာ(၂)ရွာပိုင် သုသာန်မြေအဖြစ် သတ် မှတ်ထားသည်။ စားကျက်မြေမှာ မြေဆီလွှာအရည်အသွေး ကောင်းမွန်ခြင်း၊ ဆည်မြောင်းရေရရှိ ခြင်းကြောင့် အုပ်စုတွင်းရှိ လယ်ယာမဲ့တောင်သူများ ဝင်ရောက်စိုက်ပျိုးသည်ကို လေ့လာတွေ့ရှိရပါ သည်။

(၁.၃.၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ)	လက်လှမ်းမီနိုင်မှု (လွယ်/ခက်/လက်လှမ်းမမီ)
ကာဗွန် (ဓာတ်ငွေ့/ရေနံ)	မရှိ	လက်လှမ်းမမီ
အခြား ရင်းမြစ်များ	မရှိ	လက်လှမ်းမမီ
အခြားသဘာဝရင်းမြစ်		
သဘာဝတိရစ္ဆာန်မျိုးစိတ်များ	နည်း	ခက်
သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင်အပင်များ)	များ	လွယ်

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက် ။ ။ ကျေးရွာတွင် သဘာဝအရင်းအမြစ် ကာဗွန်ဓါတ်ငွေ့ ရေနံမရရှိပါ။ အခြားရင်းမြစ်များဖြစ်သည့်တိ သဲ၊ ကျောက်များမထွက်ရှိသော်လည်း ဥက္ကံချောင်းမှ အလွယ်တကူ ဝယ်ယူရရှိပါသည်။ အခြားသဘာဝတိရစ္ဆာန် မျိုးစိတ်များဖြစ်သည့်တိ ကျေးငှက်များမှာ မဆင်မခြင် ပစ်ခတ်ဖမ်းဆီးမှုကြောင့် အလွန်နည်းပါးပြီး လက်လှမ်းမီမှု မရှိပါ။ သဘာဝအပင်မျိုးစိတ်များဖြစ် သော

နွားစာများမှာ စားကျက်မြေများ၊ အင်းအိုင်များ ရှိသည့်အတွက် အလွန်ပေါများ၍ လွယ်ကူစွာ ရရှိသည်။ ချောင်းဆိုးရောဂါ၊ ပန်းနာရင်ကြပ်ရောဂါများကို သက်သာပျောက်ကင်းစေသည့် ဘီးစပ် ပင်၊ တောလေးညှင်းပင်နှင့် စူလာနဖါကဲ့သို့သော မြန်မာတိုင်းရင်းဆေးပင်များကို ပေါများစွာတွေ့ရှိရ သည်။

(၁.၄) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသော အိမ်ထောင်စု	ဆင်းရဲသော အိမ်ထောင်စု	အလွန်ဆင်းရဲသော အိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	၁၀-၃၀ ဧက	၅-၁၀ ဧက	၅ ဧကအောက်	-
အိမ်အခြေအနေ	(၂)ထပ်အိမ် အမြင့်စ်	(၁)ထပ်အိမ် အလတ်	ဓနိမိုး၊ ထရံကာ	-
လုပ်ငန်းသုံးကိရိယာ ပိုင်ဆိုင်မှု	လက်တွန်း ထွန်စက်	နွား၊ လှည်း	ပေါက်တူး၊ ပေါက်ပြား	-
ကုန်ထုတ်လုပ်မှုနှင့် မဆိုင်သောပိုင်ဆိုင်မှု	ဆိုင်ကယ်	စက်ဘီး	-	-
အဓိကစီးပွားရေး လုပ်ငန်း	လယ်	လယ်	ကျပန်း	-
အခြားပိုင်ဆိုင်မှု	-	-	-	-
အိမ်ထောင်စု - ၁၁၄	**၁၀ (၈.၇၇%)**	**၂၀ (၁၇.၅၄%)**	**၈၄ (၇၃.၆၈%)**	**-**

ရင်းမြစ် ... (၁) ကျေးရွာလုံးကျတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက် ။ ။ ကျေးရွာတွင် အိမ်ထောင်စု(၁၁၄)စုရှိသည့်အနက် အဆင်ပြေသော အိမ်ထောင်စုမှာ(၁၀)စု၊ အလယ်အလတ်ရှိသော အိမ်ထောင်စုမှာ(၂၀)စုရှိပြီး ဆင်းရဲသောအိမ်ထောင် စု(၈၄)စုရှိသည်ကို တွေ့ရှိရပါသည်။ ဆင်းရဲသောအိမ်ထောင်စုဦးရေသည် အဆင်ပြေသောအိမ်ထောင် စု၊ အလယ်အလတ်ရှိသော အိမ်ထောင်စုထက် များနေသည်ကို ကြည့်ခြင်းအားဖြင့် ဆင်းရဲသား၊ လက်လုပ်လက်စား၊ ကျပန်းအလုပ်သမားများသည် ကျေးရွာတွင် ပိုမိုများပြားကြောင်း လေ့လာတွေ့ ရှိရပါသည်။

(၁.၅) ထိခိုက်လွယ်မှု

(၁.၅.၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု%	ဖြေရှင်းသည့်နည်းဗျူဟာ
၃ လအောက်	၅	၂၀%	ဆွေမျိုး၊ ငွေတိုးချေးသူထံမှ ချေးယူသုံးစွဲခြင်း
၃ လနှင့် ၆ လအောက်	၂	၈%	ဆွေမျိုး၊ ငွေတိုးချေးသူထံမှ ချေးယူသုံးစွဲခြင်း
၆ လ မှ ၁၂ လ အထိ	၄	၁၆%	ဆွေမျိုး၊ ငွေတိုးချေးသူထံမှ ချေးယူသုံးစွဲခြင်း

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃"နှင့်"၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအား စစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက် ။ ။ စုစုပေါင်း အိမ်ထောင်စု(၁၁၄)စုတွင် လက်လုပ်လက်စား ဆင်းရဲသား ကျပန်းအိမ်ထောင်စု(၈၄)စုရှိသည်။ ၎င်းတို့မှ (၃၀%)အား ဝမ်းစာဖူလုံမှု စစ်တမ်းကောက်ယူရာတွင် (၃)လအောက် ဖူလုံသူမှာ(၅)ဦးရှိပြီး၊ (၃)လနှင့် (၆)လကြား (၂)ဦး၊ (၆)လမှ (၁၂)လအထိ (၄)ဦးရှိ သည်။ ကျေးရွာတွင် ဝမ်းစာမဖူလုံသူ အိမ်ထောင်စုမှာ(၂၅)စုတွင် (၁၁)စုမှာ အထက်ပါ အတိုင်းလ အလိုက် ဝမ်းစာဖူလုံမှုရှိကြပြီး ကျန်(၁၄)ဦးမှာ တစ်နှစ်ပတ်လုံး ဝမ်းစာဖူလုံမှုမရှိပေ။ ဤအိမ်ထောင် စု(၂၅)စုသည် ဝမ်းစာဖူလုံရေးအတွက် ဆွေမျိုး၊ ငွေတိုးချေးသူ၊ အပေါင်ဆိုင်၊ အစိုးရဘဏ်စသော နေရာများမှ ချေးယူပေါင်နှံ၍ ဖြေရှင်းနေရသည်။ အကြွေးတင်ရှိမှုတွင် အိမ်ထောင်စု အားလုံးသည် အကြွေးငွေ လေးသောင်းကျပ်မှ သုံးသိန်းကျပ်အထိ တင်ရှိနေကြောင်း လေ့လာတွေ့ရှိရပါ သည်။

(၁.၅.၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သောအုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သောအုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၀ နှစ်နှင့်အထက်	-	-	-
မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့်ပုဂ္ဂိုလ်	-	-	
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု	၂		
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု	-		
အခြားဒေသသို့ကြာမြင့်စွာသွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု	၁၇		

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက် ။ ။ ကျေးရွာတွင် မိသားစုစောင့်ရှောက်မှု မရှိသော သက်ကြီးရွယ်အို (၆၀)နှစ်အထက် မရှိပါ။ မိသားစုစောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့်ပုဂ္ဂိုလ် မရှိပါ။ ဆင်းရဲ၍ မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု(၂)စုမှာ ပညာတတ်မြောက်မှု မရှိ ခြင်း၊ အလုပ်အကိုင်ရှားပါးခြင်း၊ လုပ်အားခနည်းပါးခြင်းတို့ကြောင့် ၎င်းတို့၏ စားဝတ်နေရေး၊ ကျန်းမာရေးတို့ကို အချိန်မရွေး ထိခိုက်စေနိုင်သည်။ အခြားဒေသသို့ ကြာမြင့်စွာသွားရောက်နေထိုင် လုပ်ကိုင်နေသည့် အိမ်ထောင်စု(၁၇)စုသည် ၎င်းတို့၏ ပညာရေး၊ ကျန်းမာရေးနှင့် စားဝတ်နေရေး၊ အလုပ်အကိုင်၊ လုပ်ခလစာ၊ ဒေသတွင်း ပဋိပက္ခစသည်တို့ကို အချိန်မရွေး ကြုံတွေ့နေကြောင်း လေ့လာတွေ့ရှိရပါသည်။

(၁.၅.၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
၁	စားနပ်ရိက္ခာမဖူလုံမှု	လတ်	အလုပ်အကိုင်ရှားပါးခြင်း
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မြင့်	ရေအလွန်ရှားပါးခြင်း
၃	ရေကြီးခြင်း	လတ်	နှစ်စဉ်ရေကြီး၊ ပျက်စီးဆုံးရှုံးမှုသင့်တင့်ရှိ
၄	မိုးခေါင်ခြင်း	နိမ့်	မိုးရေချိန် (၈၀)လက်မခန့်ရရှိခြင်း
၅	အအေးလွန်ကဲခြင်း	နိမ့်	နှစ်စဉ်မခံစားရပါ။
၆	မုန်တိုင်း	နိမ့်	နှစ်စဉ်မခံစားရပါ။

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
၇	ငလျင်	နိမ့်	နှစ်စဉ်မခံစားရပါ။
၈	မီးဘေး	နိမ့်	မီးဘေးကာကွယ်ရေးသတိပေး၍ မရှိပါ။
၉	ဆားငန်ရေဝင်မြေ	နိမ့်	မရှိပါ။
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	လတ်	သစ်ခုတ်၊ ဝါးခုတ်သူများရှိခြင်းကြောင့်
၁၁	သစ်တောပြုန်းတီးခြင်း	လတ်	ထင်းအဖြစ်သုံးစွဲခြင်းကြောင့်
၁၂	ငှက်ဖျားရောဂါ	နိမ့်	မရှိပါ။
၁၃	တီဘီရောဂါ	နိမ့်	ကျန်းမာရေးဗဟုသုတရှိ၍ ကာကွယ်ကြပါသည်။
၁၄	ကိုယ်ခံအား ကျဆင်းမှုရောဂါ	နိမ့်	ကျန်းမာရေးဗဟုသုတရှိ၍ ကာကွယ်ကြပါသည်။
၁၅	ပြည်တွင်း ပဋိပက္ခ	နိမ့်	မရှိပါ။
၁၆	တိရစ္ဆာန် ကူးစက်ရောဂါကျရောက်မှု	လတ်	မွေးကဉ်းစီးဌာနနှင့် ချိတ်ဆက်မှုမရှိခြင်း၊ ဗဟုသုတ နည်းပါးခြင်း။
၁၇	လူကုန်ကူးခြင်း	နိမ့်	မရှိပါ။
၁၈	ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲစသည်	မြင့်	လမ်းပန်းဆက်သွယ်ရေး ခက်ခဲသည့် အတွက် ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေး ဖွံ့ဖြိုးမှု နောက်ကျခြင်း။
၁၉	အခြား	နိမ့်	မရှိပါ။

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက် ။ ။ ကျေးရွာတွင် လယ်ယာမြေပိုင်ဆိုင်သူမှာ (၂၇)ဦးသာရှိသောကြောင့် စိုက်ပျိုးမြေနည်းပါးခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းနည်းပါးခြင်းတို့ကြောင့် စားနပ်ရိက္ခာဖူလုံမှုမှာ အသင့်အတင့်မျှသာရှိသည်။ နှစ်စဉ်ရေကြီးသည့်အတွက် လယ်ယာမြေများ ပျက်စီးခြင်း၊ ပိုးမွှားများ ကျရောက်ခြင်း၊ မြေဆီလွှာပျက်စီးခြင်း၊ သစ်တောများပြုန်းတီးခြင်းကြောင့် သစ်များအလွယ်တကူ မရရှိခြင်း၊ မွေးကဉ်းစီးဌာနနှင့် ချိတ်ဆက်မှုအားနည်း၍ ကူးစက်ရောဂါများ ကျရောက်ခြင်း၊ မြေနေရာမသန့်ရှင်းခြင်း၊ လမ်းပန်းဆက်သွယ်မှု ခက်ခဲသောကြောင့် ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေးစသည့် ထိခိုက်သက်ရောက်မှုများ မြင့်မားနေသည်ကို လေ့လာတွေ့ရှိရပါသည်။

(၁.၅.၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
၁	လူငယ်	မြင့်	အလုပ်အကိုင်ရှားပါးခြင်း၊ ဆင်းရဲနွမ်းပါး
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့်	အလုပ်ရှားပါး၊ လုပ်အားခ အပြည့်အဝ မရရှိခြင်း၊ အမျိုးသားများနှင့် တန်းတူ အခွင့်အရေးမရခြင်း
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မြင့်	လက်မှုမှ စက်မှုသို့ ကူးပြောင်းသော ကာလဖြစ်သောကြောင့်
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/	နိမ့်	မရှိပါ။

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
	ကူးစက်ရောဂါ ထူပြောသော ဒေသတွင်နေထိုင်သူ		
၅	မြစ်ကမ်းဘေး နေထိုင်သူများ	နိမ့်	မရှိပါ။
၆	မတော်တဆမှု ဖြစ်နိုင်ခြေများ သောနေရာ (Prone to accident) တွင်နေထိုင်သူများ	နိမ့်	မရှိပါ။
၇	ပြည်တွင်းနေရပ် စွန့်ခွာရွှေ့ပြောင်း ခံရသူများ (IDP)	နိမ့်	မရှိပါ။
၈	မြေနိမ့်ပိုင်းနေထိုင်သူများ	နိမ့်	မရှိပါ။
၉	ငါးကန်ပိုင်ရှင်	နိမ့်	မရှိပါ။
၁၀	လက်လုပ်လက်စားများ၊ ကျပန်း	မြင့်	ကျပန်းလုပ်သားများ အလုပ်အကိုင်ရှားပါးခြင်း
၁၁	လူနည်းစုလူမျိုးများ	နိမ့်	မရှိပါ။
၁၂	ဒေသတွင်း ပဋိပက္ခဧရိယာတွင် နေထိုင်သူများ	နိမ့်	မရှိပါ။
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	မြင့်	တရားဥပဒေစိုးမိုးမှု နည်းပါးခြင်း
၁၄	ရွှေတွင်းလုပ်သား	နိမ့်	မရှိပါ။
၁၅	ဆေးစွဲသူများ	နိမ့်	မရှိပါ။
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	နိမ့်	မရှိပါ။
၁၇	လှည့်လည်သွားလာ၍ဈေးရောင်းသူများ	နိမ့်	မရှိပါ။
၁၈	နေရပ်ပြန် အခြေချသူများ	မြင့်	အိမ်ခြံမြေ ဈေးနှုန်းမြင့်မားခြင်း
၁၉	ရွှေပြောင်းလုပ်သားများ	မြင့်	လုပ်ခလစာ ဒေသခံများနှင့် တန်းတူမရရှိ
၂၀	ကားသမား	နိမ့်	မရှိပါ။
၂၁	အခြား	နိမ့်	မရှိပါ။

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက် ။ ။ ကျေးရွာရှိ လူငယ်အများစုမှာ ပညာတတ်မြောက်မှုနည်းခြင်း၊ အလုပ်အကိုင်ရှားပါးခြင်း၊ ဆင်းရဲနွမ်းပါးခြင်းတို့ကြောင့် မိသားစုစားဝတ်နေရေး အခက်အခဲများကို အရွယ်နှင့်မမျှအောင် ဝိုင်းဝန်းဖြေရှင်းနေရသဖြင့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုများမြင့်မားလာမည်ကို စိုးရိမ်ဖွယ်တွေ့ရှိရသည်။ အလုပ်အကိုင်ရှားပါးခြင်း၊ ဒေသတွင်း သတ်မှတ်လုပ်အားခ အပြည့်အဝ မရရှိ ခြင်း၊ တောင်သူတို့ကို လက်မှုမှ စက်မှုသို့ ကူးပြောင်းခြင်းကာလဖြစ်၍ လယ်ယာလုပ်ငန်းခွင်ရှားပါး ခြင်း စသည်တို့ကြောင့် ဆင်းရဲမွဲတေမှုဒဏ်ကို ထိခိုက်သက်ရောက်မှု အများဆုံးခံရနိုင်မည့်သူများမှာ အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသောအိမ်ထောင်စုများ၊ မြေယာမဲ့တောင်သူများ၊ လက်လုပ်လက် စား၊ ကျပန်းအလုပ်သမားများဖြစ်ကြောင်း တွေ့ရှိရပါသည်။ နယ်စပ်ဒေသတွင် သွားရောက်နေထိုင် သူများနှင့် ရွှေပြောင်းလုပ်သားများသည် လုပ်အားခအပြည့်မရရှိခြင်း၊ ညှင်းပန်းနှိပ်စက်ခံရခြင်း၊ ဒေသခံများနှင့် တူညီသော အခွင့်အရေး မရရှိခြင်း၊ ဝေးလံခေါင်သီသော ဒေသဖြစ်၍ တရားဥပဒေစိုး မိုးမှုနည်းပါးခြင်း၊ ဥပဒေနှင့် မလွတ်ကင်းသော ပြစ်မှုများကို အချိန်မရွေး ပြုလုပ်နိုင်ခြင်းတို့ကို လေ့လာတွေ့ရှိရပါသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(၂.၁) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(၂.၁.၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (၁/၂/၃)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်း တာဝန်	ဦးဆောင်ဖွဲ့စည်းသူများ (၄/၅)	စွမ်းဆောင်နိုင်မှု (၆/၇/၈)
			ကျား	မ	ပေါင်း			
၁။	စံလင်းအောင်	၁	၁၅၀	၄၀	၁၉၀	ငွေစုငွေချေး	၅	၆
၂။	လူငယ်အဖွဲ့	၂	၂၀	-	၂၀	လူမှုရေးကိစ္စများ	၄	၆
၃။	ဘဝအလင်းရောင် ပရဟိတအဖွဲ့	၃	၄၂	၁၀	၅၂	လူထုအကျိုးပြုလုပ်ငန်များ	၄	၆

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေး အခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

ဦးဆောင်ဖွဲ့စည်းသူများ

(၄) ကျေးရွာလူထုကိုယ်တိုင်

(၅) ပြင်ပအဖွဲ့အစည်း

အဖွဲ့စွမ်းဆောင်နိုင်မှုအခြေအနေ

(၆) ကောင်း - လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁-၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေး ကျင်းပခြင်းနှင့် တက်ရောက်မှုကောင်း၊ မှတ်တမ်းများကို စနစ်တကျ ထိန်းသိမ်းထားရှိခြင်း၊ ကျေးရွာတွင်းရှိ အခြားအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်မှု ရှိခြင်း။

(၇) သင့် - လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁-၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေး ကျင်းပခြင်းနှင့် အသင့်အတင့် တက်ရောက်မှုရှိ၊ မှတ်တမ်းအချို့ စနစ်တကျ ထိန်းသိမ်းထားရှိခြင်း။

(၈) ညံ့ (အားနည်း) - ကြုံသလို အစည်းအဝေးကျင်းပခြင်း၊ မှတ်တမ်းအချို့သာ ထိန်းသိမ်းထားရှိခြင်း။

လေ့လာတွေ့ရှိချက် ။ ။ တောင်သူများဖွဲ့စည်းထားသော "စံလင်းအောင်" စိုက်/ထွေ သမ အသင်းမှ ၎င်းတို့၏ ဘဝတိုးတက်မြင့်မားလာစေရန် ရည်ရွယ်ချက်နှင့်အညီ ငွေစုငွေချေးကိစ္စရပ်များ ကိုအချိန်နှင့် တပြေးညီတိကျစွာ ဆောင်ရွက်မှုကြောင့် လယ်သမား(၁)ဦးလျှင် တစ်သိန်းကျော် စု ဆောင်းထားနိုင်ခြင်း၊ စာရင်းဇယားများကို စနစ်တကျ ထားရှိမှုတို့ကြောင့် အလွန်ကောင်းမွန်သော စွမ်းဆောင်နိုင်မှုကို တွေ့ရှိရသည်။ ကျေးရွာအတွင်းရှိ လူငယ်ဖွံ့ဖြိုးရေးအဖွဲ့နှင့် ပရဟိတ အသင်းမှာ ဘာသာရေး၊ လူမှုရေးကိစ္စရပ်များကို ငွေအား၊ လူအားလိုအပ်သလို ဝိုင်းဝန်းကူညီခြင်း၊ အချိန်တို အတွင်း ရန်ပုံငွေ(၁၀)သိန်းကျော် စုဆောင်းနိုင်ခြင်းတို့ကြောင့် အားရကျေနပ်ဖွယ် တွေ့ရှိရသည်။

(၂.၁.၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား (၁/၂/၃/၄/၅/၆/၇)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ်

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း
(၄) ဘက်ပေါင်းစုံဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)
(၅) ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးအဖွဲ့အစည်း (ဥပမာ - UK Aid, GIZ စသည့်)
(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ပြည်ပ)
(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

လေ့လာတွေ့ရှိချက် ။ ။ ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများမရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(၂.၂) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(၂.၂.၁) သီးနှံထုတ်လုပ်ရေး

(၂.၂.၁.၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု %	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၁	မြေယာမဲ့	၈၀	၇၀.၁၇%	မြေမဲ့ယာမဲ့
၂	၂.၅ ဧကအောက်	၄	၃.၅၀%	ဆင်းရဲသားတောင်သူ
၃	၂.၅ ဧကမှ ၅ ဧကထိ	၁၃	၁၁.၄၀%	တောင်သူငယ်
၄	၅ ဧကမှ ၁၂.၅ ဧက ကြား	၁၂	၁၀.၅၃%	အလယ်အလတ်စား တောင်သူ
၅	၁၂.၅ ဧက အထက်	၅	၄.၃၉%	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း		**၁၁၄**	**၁၀၀%**	

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက် ။ ။ ကျေးရွာတွင် စိုက်ပျိုးမြေပိုင်ဆိုင်သော အိမ်ထောင်စုမှာ တစ်ရွာလုံး၏ (၂၉.၈၃%)သာရှိပြီး မြေယာမဲ့မှာ (၇၀.၁၇%)ရှိသည်။ ဆင်းရဲသားတောင်သူ(၄)ဦး ပိုင်ဆိုင်မှုမှာ (၆)ဧကသာရှိပြီး၊ တောင်သူကြီး(၅)ဦး၏ ပိုင်ဆိုင်မှုမှာ ဧက(၁၀၀)ရှိသည်။ တောင်သူငယ်(၁၃)ဦး၏ ပိုင်ဆိုင်မှုမှာ (၅၇.၅၀%)ရှိပြီး အလယ်အလတ်တောင်သူ(၁၂)ဦး၏ ပိုင်ဆိုင်မှုမှာ (၉၂)ဧကရှိသည်။ နှိုင်းယှဉ်ကြည့်မည်ဆိုပါက ဆင်းရဲသားတောင်သူ(၄)ဦးနှင့် တောင်သူကြီး(၅)ဦး၏ လယ်ယာမြေပိုင်ဆိုင်မှုမှာ အဆများစွာ ကွာခြားနေသည်ကို တွေ့ရှိရပါသည်။

(၂.၂.၁.၂) အစိုးရနှင့် ပုဂ္ဂလိက ရေရင်းမြစ်များမှ ရေသွင်းနိုင်သည့်ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေရင်းမြစ်နှင့် ရေသွင်းဧရိယာ

စဉ်	ရင်းမြစ်	အစိုးရ/ ပုဂ္ဂလိက	ရေသောက်ဧက	ရရှိနိုင်မှု	
				တစ်နှစ်ပတ်လုံး/ ရာသီအလိုက်	လုံလောက်မှု(ရှိ/မရှိ)
၁	ဆည်	အစိုးရ	၂၄၀	နွေရာသီ	မရှိ
၂	ရေလွှဲဆည်	-	-	-	-
၃	မြစ်ရေတင်စီမံကိန်း	-	-	-	-
၄	အဝီစိတွင်း	-	-	-	-

စဉ်	ရင်းမြစ်	အစိုးရ/ ပုဂ္ဂလိက	ရေသောက်ဧက	ရရှိနိုင်မှု	
				တစ်နှစ်ပတ်လုံး/ ရာသီအလိုက်	လုံလောက်မှု(ရှိ/မရှိ)
၅	လက်ငင် ရေတွင်း	-	-	-	-
၆	စိမ့်စမ်းရေ	-	-	-	-
၇	ချောင်းရေ	-	-	-	-
၈	အခြား	-	-	-	-

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက် ။ ။ ကျေးရွာတွင် ဆည်ရေသောက်ဧက(၂၄၀)ဧကရှိရာ နွေစပါးကို ရေလွှဲဆည်နှစ်မျိုးမှ ရရှိသော ရေကိုအသုံးပြုသည်။ သို့သော် လုံလောက်မှု မရှိပါ။ အဘယ်ကြောင့်ဆို သော် ဆည်ရေလွှတ်ရက် နည်းခြင်း၊ ဆည်ရေကို စနစ်တကျ မသုံးစွဲခြင်း၊ ဆည်မြောင်းများ ပျက်စီး နေခြင်း၊ စီမံကိန်းရေလွှဲဆည် ရှိသော်လည်း ယနေ့အချိန်ထိ ဆည်မြောင်းများ တူးဖေါ်ခြင်းမရှိ၊ လယ်သမားများမှာလည်း စည်းလုံးညီညွတ်မှု အားနည်းခြင်းတို့ကြောင့် ရေလုံလောက်မှု မရှိပါ။ အကယ်၍သာ အထက်ပါပြဿနာများကို ပြုလုပ်ပြင်ဆင်သွားမည်ဆိုပါက ရေလုံလောက်စွာရရှိပြီး နွေစပါးအထွက်နှုန်းမှာလည်း ယခင်ကထက် ပိုမိုကောင်းမွန်လာမည်ကို လေ့လာတွေ့ရှိရပါသည်။

(၂.၂.၁.၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစုပေါင်း စိုက်ဧက	သီးနှံထွက်မှု				သီးနှံစိုက်ပျိုးသည့်ကာလ		သွင်းအားစုလိုအပ်ချက်(နိမ့်/လတ်/မြင့်)	အမြတ်ရရှိနိုင်မှု(နိမ့်/လတ်/မြင့်)	မှတ်ချက်
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ			
မိုးစပါး	၂၅၅.၅၀	တင်း	၆၅	၁၀၀	၇၅	ဇူလိုင်	နိုဝင်ဘာ	လတ်	လတ်	
နွေစပါး	၂၄၀	တင်း	၆၀	၉၀	၇၅	ဇန်နဝါရီ	ဧပြီ	လတ်	လတ်	
မတ်ပဲ	၁၅	တင်း	၃	၈	၅	နိုဝင်ဘာ	မတ်	လတ်	လတ်	

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက် ။ ။ ကျေးရွာတွင် စပါးနှင့် မတ်ပဲကို အဓိက စိုက်ပျိုးကြသည်။ မတ်ပဲစိုက် ဧကသည် သဘာဝအန္တရာယ်များဖြစ်သော မြစ်ဖြတ်ပိုးများကြောင့် ယခင်လောက် မစိုက်နိုင်ဘဲ မတ်ပဲ စိုက်ကွက်များတွင် နွေစပါးကို ပိုမိုစိုက်ပျိုးနေကြရသည်။ လယ်သမားများ၏ ပြောပြချက်အရ စပါး သည် တစ်ဧကလျှင် အနည်းဆုံး(၅၀)တင်းမှ အများဆုံး(၁၀၀)တင်း ပျမ်းမျှ(၇၅)တင်းနှုန်းထွက်ရှိ သည်ကို သိရသည်။ သွင်းအားစုများဖြစ်သည့် ပိုးသတ်ဆေး၊ ခါတ်မြေဩဇာနှင့် မျိုးကောင်းမျိုးသန့် များကို အလွယ်တကူ ဝယ်ယူရရှိနိုင်သော်လည်း ဈေးနှုန်းမြင့်မားခြင်း၊ ငွေကြေးရှားပါးခြင်း၊ အလုပ်

သမားရှားပါးခြင်း၊ စိုက်ပျိုးစရိတ်များ သတ်မှတ်ဈေးနှုန်းထက်ပို၍ ပေးရခြင်း၊ ရိတ်သိမ်းစက်များ ဈေးနှုန်းမြင့်မားခြင်း၊ လမ်းပန်းဆက်သွယ်ရေးမကောင်းသဖြင့် သယ်ယူပို့ဆောင်ခများ မြင့်မားနေခြင်းတို့ကြောင့် အကျိုးအမြတ်များရရှိသင့်သလောက် မရရှိသည်များကို လေ့လာတွေ့ရှိရပါသည်။

(၂.၂.၁.၄) လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	ပိုင်ဆိုင်မှု					စက်ကိရိယာ ငှားရမ်းလုပ်ကိုင်နေသော တောင်သူ အရေအတွက်	မှတ်ချက်/ အခြေအနေ
	တစ်ဦးချင်း ပိုင်	အဖွဲ့ပိုင်		ရွာပိုင်			
		အရေ အတွက်	လယ် သမား ဦးရေ	အရေ အတွက်	လယ် သမား ဦးရေ		
ထွန်စက်	-	-	-	-	-	-	-
လက်တွန်းထွန်စက်	၁	-	-	-	-	၂၃	နွေ/မိုးနှစ်ရာသီ
အစေ့ချ ကိရိယာ	-	-	-	-	-	-	-
ရိတ်သိမ်းခြွေလှေ့စက်	-	-	-	-	-	၂၇	နွေ/မိုးနှစ်ရာသီ
ရိတ်သိမ်းစက်	-	-	-	-	-	-	-
ခြွေလှေ့စက်	၁	-	-	-	-	-	-
ရေစုပ်စက်	၁	-	-	-	-	-	-
ခြေနင်းရေတင်စက်	-	-	-	-	-	-	-
မြက်ရိတ်စက်	-	-	-	-	-	-	-
အခြား	-	-	-	-	-	-	-

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက် ။ ။ ကျေးရွာတွင် လယ်ယာစက်ကိရိယာပိုင်ဆိုင်မှုမှာ အလွန်နည်းပါး သည်။ တစ်ရွာလုံးတွင် လယ်(၂၇)ဦးရှိသော်လည်း လက်တွန်းထွန်စက် တစ်စီးစီကို လယ်သမား(၄) ဦးသာ ပိုင်ဆိုင်ကြသည်။ ထွန်စက်၊ ရိတ်သိမ်းခြွေလှေ့စက်နှင့် ခြွေလှေ့စက်တို့ကို လယ်သမား(၂၇)ဦး စလုံးငှားရမ်းလုပ်ကိုင်ကြရသည်။ လယ်ယာသုံးစက်ကိရိယာများ အမြောက်အမြား လိုအပ်နေသည် ကိုတွေ့ရှိရပါသည်။ ထိုပြဿနာများကို ဖြေရှင်းနိုင်ရန် နိုင်ငံတော်မှ ချေးငွေများကို အတိုးနှုန်းနည်း ပါးစွာဖြင့် နှစ်ရှည်စီမံကိန်း ချေးပေးခြင်း၊ ပုဂ္ဂလိက ကုမ္ပဏီများနှင့် ချိတ်ဆက်၍ စက်ပစ္စည်းများ အား ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးမည်ဆိုပါက တစ်ဦးချင်းမတတ်နိုင်သော်လည်း အစုအဖွဲ့ အနေဖြင့် ဝယ်ယူသုံးစွဲနိုင်မည်ကို လယ်သမားအုပ်စု ဆွေးနွေးမှုအရ သိရှိရပါသည်။

(၂.၂.၁.၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ

အခြေအနေ	ဖော်ပြချက်/ရှင်းလင်းချက်
မြေ (စိုက်ပျိုးမြေ ရရှိနိုင်မှု၊ မြေဆီညီဇာ)	စိုက်ပျိုးမြေထပ်မံတိုးချဲ့နိုင်မှု ခက်ခဲခြင်း
ရေရင်းမြစ်	ဆည်မြောင်းမှ ရရှိခြင်း
သဘာဝမြေဆွေး၊ အော်ဂဲနစ်မြေညီဇာ	နွားချေး၊ သစ်ရွက်ဆွေး၊ မြေညီဇာ အလွယ်တကူ ဝယ်ယူရရှိခြင်း
အော်ဂဲနစ်/ဓါတုပိုးသတ်ဆေး	အရောင်းဆိုင်များတွင် အလွယ်တကူ ဝယ်ယူရရှိခြင်း
ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှုများ	စိုက်ပျိုးရေးဘဏ်၊ ပုဂ္ဂလိကဘဏ်များနှင့် ချိတ်ဆက်နိုင်ခြင်း

အခြေအနေ	ဖော်ပြချက်/ရှင်းလင်းချက်
နည်းပညာ၊ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ပျိုးရေးနည်းပညာ ဗဟုသုတများ ရရှိရန် ချိတ်ဆက်ပေးခြင်း
သွင်းအားစု ဈေးကွက်	တိုက်ကြီးမြို့ဆိုင်များတွင် အလွယ်တကူ ဝယ်ယူရရှိခြင်း
ထုတ်လုပ်မှုဈေးကွက်နှင့် ကုန်သွယ်မှု	အဆင်ပြေ၊ ပြင်ပမှ ကုန်သည်များ လာရောက်ဝယ်ယူပါသည်။
အခြား	မရှိပါ။

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီး ဌာနများ။

လေ့လာတွေ့ရှိချက် ။ ။ ကျေးရွာတွင် စိုက်ပျိုးမြေများ ထပ်မံတိုးချဲ့၍ မရနိုင်သော်လည်း မူလ ရှိနှင့်ပြီးသော လယ်မြေများကို နွားချေး၊ သစ်ရွက်၊ အမှိုက်များကို ချခြင်း၊ ဓါတ်မြေဩဇာ သုံးစွဲမှု နည်းပညာများကို လေ့လာနိုင်ခြင်း၊ မျိုးကောင်းမျိုးသန့်များကို မှော်ဘီစိုက်ပျိုးရေးဌာနတွင် အလွယ် တကူဝယ်ယူနိုင်ခြင်းစသည့် အခွင့်အလမ်းများကို တွေ့ရှိရသည်။ ငွေကြေးဝန်ဆောင်မှုအတွက် စိုက် ပျိုးရေးဘဏ်၊ ပုဂ္ဂလိကဘဏ်များနှင့် ချိတ်ဆက်နိုင်ခြင်း၊ ဓါတုပိုးသတ်ဆေး၊ ဓါတ်မြေဩဇာများကို လည်း တိုက်ကြီးမြို့ရှိ အရောင်းဆိုင်များတွင် အလွယ်တကူ ဝယ်ယူရရှိနိုင်ခြင်း၊ ထုတ်ကုန်များကို ပြင်ပမှ လာရောက်ဝယ်ယူသည့်အတွက် အဆင်ပြေချောမွေ့စွာ ရောင်းချနိုင်ခြင်း စသည်တို့မှာ သီးနှံ အထွက်နှုန်းတိုးစေမည့် နည်းလမ်းကောင်းများကို တွေ့ရှိရသည်။

(၂.၂.၁.၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ပြဿနာ	ဖော်ပြချက်/ရှင်းလင်းချက်
စိုက်ပျိုးမြေ တိုးချဲ့နိုင်မှု	ခက်ခဲ၊ မြေယာဈေးနှုန်းမြင့်မားခြင်း
မြေဆီသြဇာ အခြေအနေ	ဓါတ်မြေဩဇာ စနစ်တကျ မသုံးစွဲခြင်း
ငွေကြေးအရင်းအနှီး ရရှိနိုင်မှု	စိုက်ဘဏ်ချေးငွေနှင့် မလုံလောက်၍ အခြားမှ ရရှိရန်လိုအပ်ခြင်း
စိုက်ပျိုးရေး သွင်းအားစုများ အချိန်မီရရှိ အသုံးချနိုင်မှု	ခက်ခဲ၊ ငွေကြေးပြည့်စုံမှုမရှိခြင်း၊ လမ်းပန်းဆက်သွယ်ရေး မကောင်းခြင်း
လုပ်သားရှားပါးမှု (ကျွမ်းကျင်သူ/ မကျွမ်းကျင်သူ)	ခက်ခဲ၊ ငွေကြေးပြည့်စုံမှု မရှိခြင်း၊ လုပ်အားခ အပြည့်အဝ မပေး နိုင်ခြင်း
ရေရင်းမြစ်များ ရရှိနိုင်မှု	နည်းပါး၊ ဆည်မြောင်းများ တိမ်ကောပျက်စီးခြင်း
စိုက်ပျိုးရေ မလုံလောက်မှု	ရေလွှတ်ရက်နည်းပါးခြင်း၊ သုံးစွဲမှု စနစ်မကျခြင်း
ဖျက်ပိုးနှင့် ရောဂါ	ရှိ၊ နည်းပညာ ဗဟုသုတ အားနည်းခြင်း၊ ဈေးနှုန်းမြင့်မား
ဈေးကွက် လက်လှမ်းမီမှု	ခက်ခဲ၊ လမ်းပန်းဆက်သွယ်ရေး မကောင်းမှုကြောင့် ဈေးကောင်းမရခြင်း
နည်းပညာအကူအညီနှင့် နည်းလမ်းများ	လိုအပ်၊ သီးနှံအထွက်နှုန်း နည်းခြင်း
အခြား	မရှိပါ။

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီး ဌာနများ။

လေ့လာတွေ့ရှိချက် ။ ။ ကျေးရွာတွင် လယ်မြေဈေးနှုန်း မြင့်မားသည့်အတွက် ထပ်မံတိုးချဲ့ ရန်မဖြစ်နိုင်ပေ။ နှစ်စဉ်အောက်ဂဲနစ်ဓါတ်မြေဩဇာများကို သုံးစွဲခြင်း၊ နည်းစနစ်ကျနစွာ မသုံးစွဲနိုင် ခြင်းတို့ကြောင့် မြေဆီလွှာများပျက်စီးနေသည်ကိုလည်း တွေ့ရှိရသည်။ အလုပ်သမား ရှားပါးခြင်း၊ စိုက်ပျိုးစရိတ် မြင့်မားလာသည်နှင့် စိုက်ဘဏ်မှ ချေးငွေဖြင့် မလုံလောက်သဖြင့် အခြားပုဂ္ဂလိက ဘဏ်များလိုအပ်သည်။ သီးနှံမျိုးကောင်းမျိုးသန့်များကို လွယ်ကူစွာရရှိနိုင်သော်လည်း ငွေကြေး

ပြည့်စုံမှုမရှိခြင်း၊ လမ်းပန်းဆက်သွယ်မှုမကောင်းခြင်း၊ ဆည်ရေလုံလောက်စွာ မရရှိခြင်း၊ ပိုးသတ်ဆေးများကို လွယ်ကူစွာ ဝယ်ယူနိုင်သော်လည်း ဈေးနှုန်းမြင့်မားခြင်း၊ နည်းပညာများ လိုအပ်နေ ခြင်း၊ သက်ဆိုင်ရာ မြို့နယ်အစိုးရဦးစီဌာနများနှင့် ချိတ်ဆက်မှု အားနည်းခြင်း၊ ဌာနများ၏ ပံ့ပိုးကူ ညီမှု နှောင့်နှေးနေခြင်းစသည့် အခက်အခဲများကို လေ့လာတွေ့ရှိရပါသည်။

(၂.၂.၂) မွေးမြူရေးလုပ်ငန်း

(၂.၂.၂.၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

ဇယား (၁၉) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ

မွေးမြူရေးနှင့် ငါးလုပ်ငန်း	အိမ်ထောင်စု	ကောင်ရေ	မှတ်ချက်/အခြေအနေ
မွေးမြူရေး			
ခိုင်းနွား	၃၀	၇၇	လယ်ယာလုပ်ငန်းသုံးရန်
နို့စားနွား	-	-	-
မြင်း	၁	၁	စီးပွားဖြစ် မွေးမြူ
ကျွဲ	၆	၃၈	လယ်ယာလုပ်ငန်းသုံးရန်
မြည်း	-	-	-
လား	-	-	-
ဆိတ်	၁	၈	တစ်နိုင်တစ်ပိုင်မွေးမြူ
သိုး	-	-	-
ဝက်	၂၆	၄၆	တစ်နိုင်တစ်ပိုင်မွေးမြူ
ကြက်	၅၃	၃၅၀	တစ်နိုင်တစ်ပိုင်မွေးမြူ
ဘဲ	၂၃	၁၄၉	တစ်နိုင်တစ်ပိုင်မွေးမြူ
နွားနောက်	-	-	-
အခြား	-	-	-
ငါးလုပ်ငန်း			
ငါးကန်	-	-	-
ပုဇွန်ကန်	-	-	-
ဂဏန်းမွေးမြူရေးလုပ်ငန်း	-	-	-
ရေချို ငါးဖမ်းလုပ်ငန်း	-	-	-
ကမ်းလွန် ငါးဖမ်းလုပ်ငန်း	-	-	-
အခြား	-	-	-

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက် ။ ။ ကျေးရွာတွင် စားကျက်မြေများရှိသော်လည်း ကျွဲ၊ နွားများထားရှိရန်မြေနေရာ လုံလောက်မှုမရှိခြင်း၊ ဝက်၊ ကြက်၊ ဘဲများမွေးမြူရန်အတွက် မြေနေရာရှိသော်လည်း သွင်းအားစုများဖြစ်သည့် တိရိစ္ဆာန်များတန်ဘိုးနှင့် အစာဈေးနှုန်းမြင့်မားခြင်း၊ လမ်းပန်းဆက်သွယ်မှုမကောင်း၍ ထုတ်ကုန်များ အမြတ်အစွန်းနည်းပါးခြင်း၊ ရောဂါထူပြောခြင်း၊ ငွေကြေးချို့တဲ့ခြင်းတို့ ကြောင့် မိသားစု စားဝတ်နေရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုရန် တစ်နိုင်တစ်ပိုင် မွေးမြူကြသည်ကို လေ့လာတွေ့ရှိရပါသည်။

(၂.၂.၂.၂) မွေးမြူရေးကဏ္ဍ တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား (၂၀) မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ ရှင်းလင်းချက်
မွေးမြူရေး	
စားကျက်မြေ	ကျွဲ၊ နွားများ အစာပေါများစွာ ရရှိခြင်း
ရေရရှိမှု	ရေတွင်း၊ ရေကန်၊ ရေတုံကင်များမှ လုံလောက်စွာရရှိခြင်း
မျိုးတိရစ္ဆာန် လက်လှမ်းမီမှု	လက်လှမ်းမီမှု ရှိပါသည်။
ချေးငွေ	သမဝန်ကြီးဌာနနှင့် ချိတ်ဆက်နိုင်ခြင်း၊ ပုဂ္ဂလိကချေးငွေ လုပ်ငန်းရှင်များနှင့် ချိတ်ဆက်နိုင်ခြင်း
သွင်းအားစုဈေးကွက်	အလွယ်တကူ ဝယ်ယူရရှိခြင်း
ဝန်ဆောင်မှုဈေးကွက်	ကုန်သည်များ လာရောက်ဝယ်ယူခြင်း
ထုတ်ကုန်ရောင်းဝယ်မှု	တိုက်ကြီး၊ ဥက္ကံ၊ မှော်ဘီမြို့ကြီးများအပြင် ပြည်ပသို့လည်း အလွယ်တကူ ရောင်းချနိုင်ခြင်း
အိမ်ခြံဝန်းအတွင်း မြေနေရာလုံလောက်မှု	မြေနေရာလုံလောက်မှုရှိခြင်း
အခြား	မရှိပါ။
ငါးလုပ်ငန်း	
ငါး/ပုဇွန်သားပေါက် လက်လှမ်းမီမှု	ဥက္ကံရှမ်းစု၊ မှော်ဘီစသော နေရာများတွင်လည်းကောင်း၊ ငါးလုပ်ငန်းဦးစီးဌာနတွင်လည်းကောင်း ဝယ်ယူရရှိနိုင်ခြင်း
ချေးငွေ	သမဝန်ကြီးဌာနနှင့် ချိတ်ဆက်နိုင်ခြင်း၊ ပုဂ္ဂလိကချေးငွေ လုပ်ငန်းရှင်များနှင့် ချိတ်ဆက်နိုင်ခြင်း
သွင်းအားစု လက်လှမ်းမီမှု	တိုက်ကြီး၊ဥက္ကံမြို့များတွင်ငါးစာနှင့်ဆေးဝါးများဝယ်ယူခြင်း
နည်းပညာ အကူအညီနှင့် နည်းလမ်းများ	ဥက္ကံရှမ်းစု ငါးကန်ပိုင်ရှင်များနှင့်လည်းကောင်း၊ ငါးလုပ်ငန်း ဦးစီးဌာနနှင့်လည်း ချိတ်ဆက်နိုင်ခြင်း
ထုတ်ကုန် ရောင်းဝယ်မှု	တိုက်ကြီး၊ ရန်ကုန်မြို့ကြီးများသို့ တင်ပို့ရောင်းချနိုင်ခြင်း
အခြား	မရှိပါ။

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက် ။ ။ ကျေးရွာတွင် လယ်သမားများနှင့် ဆွေးနွေးရာ ကျွဲ၊ နွား၊ ဝက်၊ ဘဲ၊ ကြက်၊ ဆိတ်၊ ငုံး စသည်တို့ကို မွေးမြူရန် မြေနေရာရှိခြင်း၊ မျိုးကောင်းမျိုးသန့်နှင့် အစာဆေးဝါးများအလွယ်တကူ ဝယ်ယူရရှိနိုင်ခြင်း၊ တိမွေးကုန်နှင့် အလွယ်တကူ ချိတ်ဆက်နိုင်ခြင်း၊ ကျွမ်းကျင်လုပ်ငန်းရှင်များနှင့် လက်လှမ်းမီခြင်း၊ ငွေကြေးဝန်ဆောင်မှုအတွက် သမဝါယမအသင်းနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ချိတ်ဆက်နိုင်ခြင်း၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်အောင် ဆောင်ရွက်ပြီး ပြည်တွင်းပြည်ပသို့ တင်ပို့ရောင်းချခြင်းဖြင့် အမြတ်အစွန်းများ ရရှိနိုင်ခြင်း၊ အစိုးရနှင့် ချိတ်ဆက်ပြီး မြေနိမ့်ပိုင်း လယ်မြေများတွင် ငါးကန်များတူးဖေါ်နိုင်ခြင်း၊ ဆေးဝါးနှင့် အစာများ အလွယ်တကူ ဝယ်ယူရရှိနိုင်ခြင်း၊ ငါးမွေးမြူရေးလုပ်ငန်းရှင်များနှင့် နီးစပ်သဖြင့် နည်းပညာများ မေးမြန်းနိုင်ခြင်း၊ ပြည်တွင်းပြည်ပသို့ တင်ပို့ရောင်းချခြင်းဖြင့် အမြတ်အစွန်းများ ရရှိပြီး မိမိတို့၏ ဘဝပြေလည်လာနိုင်မည်ကို လေ့လာတွေ့ရှိရပါသည်။

(၂.၂.၂.၃) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၂၁) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ပြဿနာနှင့်စိန်ခေါ်မှုများ	ဖော်ပြချက်/ရှင်းလင်းချက်

ပြဿနာနှင့်စိန်ခေါ်မှုများ	ဖော်ပြချက်/ရှင်းလင်းချက်
မွေးမြူရေး	
ချေးငွေရရှိနိုင်မှု	ခက်ခဲ၊ ကနဦးသတ်ချက် အာမခံချက်များ လိုအပ်ခြင်း
ကူးစက်ရောဂါဖြစ်ပွားမှု	နေရာမသန့်ရှင်းခြင်း၊ ဗဟုသုတ နည်းပါးခြင်း
နည်းပညာ အကူအညီနှင့် နည်းလမ်းများ	မွေးကုဋီစီးဌာနနှင့် ချိတ်ဆက်မှု မရှိခြင်း
စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းများအတွက် လိုင်စင်/ လေလံ လက်လှမ်းမီမှု	ကနဦးသတ်ချက်များရှိခြင်း၊ အာမခံချက်များ ထားရှိရခြင်း၊ လိုင်စင်၊ လေလံဈေးနှုန်းမြင့်မားခြင်း၊ ငွေကြေးရှားပါးခြင်း
အခြား	မရှိပါ။
ငါးလုပ်ငန်း	
ငါးဖမ်းခွင့်ရရှိနိုင်မှု	ခက်ခဲ၊ အခွန်အင်းများ ဖြစ်နေခြင်း
ချေးငွေရရှိနိုင်မှု	ခက်ခဲ၊ ကနဦးသတ်ချက်များရှိခြင်း၊ အာမခံချက်များထားရှိခြင်း
အခြား	မရှိပါ။

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) မြို့နယ် မွေး/ကု ဦးစီးဌာန၊ မြို့နယ် ငါးလုပ်ငန်းဦးစီးဌာန။

လေ့လာတွေ့ရှိချက် ။ ။ ကျေးရွာတွင် ဆင်းရဲနွမ်းပါးမှုကြောင့် မွေးမြူရေးနှင့် ငါးထုတ်လုပ်မှုလုပ်ငန်းကို မလုပ်ကိုင်နိုင်ပေ။ ချေးငွေများရရှိနိုင်ရန်အတွက် ကနဦးသတ်ချက်ရှိခြင်း၊ အာမခံပစ္စည်းများထားရှိရခြင်း၊ ပုဂ္ဂလိက ချေးငွေလုပ်ငန်းများ ကျေးရွာသို့ မရောက်ရှိသေးခြင်း၊ မြေနေရာမသန့်ရှင်းခြင်း၊ မွေးကုနှင့် ချိတ်ဆက်မှုမရှိခြင်း၊ ကျွမ်းကျင်ပညာရှင်များ လက်လှမ်းမမီခြင်းတို့ကို တွေ့ရှိရပါသည်။ ငါးလုပ်ငန်းများတွင်လည်း လိုင်စင်၊ လေလံဈေးနှုန်းများ မြင့်မားနေခြင်း၊ လမ်းပန်းဆက်သွယ်မှုမကောင်းခြင်းကြောင့် ဈေးကွက်သို့ တင်ပို့ရောင်းချရန် ခက်ခဲနေခြင်းတို့ကို လေ့လာတွေ့ရှိရ ပါသည်။

(၂.၂.၃) စိုက်ပျိုး မွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

(၂.၂.၃.၁) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ

ဇယား (၂၂) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ

စဉ်	လုပ်ငန်းများ (ထုတ်ကုန် လုပ်ငန်းနှင့် ဝန်ဆောင်မှု)	လုပ်ငန်း အရေအတွက်	ဝန်ထမ်း / အလုပ်သမားအရေအတွက်	မိသားစုဝင် လုပ်အား	ရပ်တည်နိုင်မှု (နှိမ့်၊ လတ်၊ မြင့်)နှင့် ရှင်းလင်းဖော်ပြချက်
၁	သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း				
၂	ထုတ်ကုန်လုပ်ငန်း				
၃	လျှပ်စစ်၊ ဓာတ်ငွေ့နှင့် ရေပေးဝေရေး	-	၂	-	လတ်
၄	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	-	၁	၁	လတ်
၅	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများပြင်ဆင်ရေး	-	၆	-	လတ်
၆	ကျွမ်းကျင် ပညာရှင်များ (ဆံပင်အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ)	၁	-	-	လတ်
၇	လက်လီ-လက်ကား ရောင်းဝယ်ရေး	၁	-	၂	လတ်
၈	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	-	၁	-	လတ်

စဉ်	လုပ်ငန်းများ (ထုတ်ကုန် လုပ်ငန်းနှင့် ဝန်ဆောင်မှု)	လုပ်ငန်း အရေ အတွက်	ဝန်ထမ်း / အလုပ်သ မားအရေ အတွက်	မိသားစုဝင် လုပ်အား	ရပ်တည်နိုင်မှု (နှိမ့်၊ လတ်၊ မြင့်)နှင့် ရှင်း လင်းဖော်ပြချက်
၉	ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး				
၁၀	ငွေချေး ဝန်ဆောင်မှုလုပ်ငန်း(ဘဏ်၊ ငွေချေးခြင်းလုပ်ငန်း အပါအဝင် ငွေကြေး ဝန်ဆောင်မှုလုပ်ငန်း)				
၁၁	အိမ်ခြံမြေ ရောင်းဝယ်ငှားရမ်းခြင်း နှင့် ဆက်စပ်သော လုပ်ငန်းများ				
၁၂	ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)				
၁၃	ပညာရေး				
၁၄	ကျန်းမာရေး				
၁၅	လူမှုရေးလုပ်ငန်းများ				
၁၆	အိမ်များတွင် အငှားလိုက်လုပ်သူ များနှင့် အမျိုးအမည် မဖော်ပြနိုင် သောလုပ်ငန်းများ	-	၁၀၀	၁၈	လတ်
၁၇	ပြင်ပ အဖွဲ့အစည်းများနှင့် ကုမ္ပဏီ များတွင် လုပ်ကိုင်သူများ (ဥပမာ-UN , INGOs, Companies. etc.,)	-	၃၉	၂၂	လတ်
	စုစုပေါင်း အသက်မွေးလုပ်ငန်း လုပ်ကိုင်သူဦးရေ	၂	**၁၄၉**	**၄၃**	

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေး မဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

လေ့လာတွေ့ရှိချက် ။ ။ ကျေးရွာတွင် စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်း လုပ်ငန်းတွင် အမျိုးအမည်မဖော်ပြနိုင်သော လုပ်ငန်းများ လုပ်ကိုင်သည့် ကျပန်းလုပ်သား အများစုမှာအတန်းပညာ နည်ပါးမှု၊ ဆင်းရဲနွမ်းပါးမှု၊ အလုပ်အကိုင်၊ အခွင့်အလမ်းရှားပါးမှု၊ လုပ်ငန်းတည် ငြိမ်မှုမရှိခြင်းတို့ကြောင့် ၎င်းတို့၏ ဘဝရပ်တည်မှု နိမ့်ကျနေပြီး၊ ကျန်လုပ်ငန်းရှင်များမှာ သင့်တင့် သော ဝင်ငွေရရှိမှုတို့ကြောင့် အလယ်အလတ် ရပ်တည်နိုင်သည်ကို လေ့လာတွေ့ရှိရပါသည်။

(၂.၂.၃.၂) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့် အခက်အခဲများ

ဇယား (၂၃-က) စိုက်ပျိုး မွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ ရှင်းလင်းချက်
ဆောက်လုပ်ရေးလုပ်ငန်း	ပန်းရံ၊ လက်သမား ကျွမ်းကျင် ပညာရှင်များရှိခြင်း
အထည်ချုပ်လုပ်ငန်း	အထည်ချုပ်စက်ရုံများရှိခြင်း
စက်ပြင်လုပ်ငန်း	တိုက်ကြီး၊ ဥက္ကံစသော မြို့များတွင် သွားရောက်သင်ယူနိုင်ခြင်း

အခွင့်အလမ်း	ဖော်ပြချက်/ ရှင်းလင်းချက်
ထုန်ကုန်လုပ်ငန်း၊ ဆန်စက်	ဒေသတွင်းရှိ စပါးများကို ကြိတ်ခွဲ၍ ပြည်တွင်းပြည်ပသို့ တင်ပို့ရောင်းချ နိုင်ခြင်း
ကျန်းမာရေး၊ အရံသားဖွား	ကျေးလက်ကျန်းမာရေးဌာနနှင့်ပ် ချိတ်ဆက်နိုင်ခြင်း
တီဗွီ၊ ဖုန်းပြုင်ရောင်းဝယ်ရေး	တိုက်ကြီး၊ ဥက္ကံမြို့များတွင် သင်တန်းများရှိခြင်း
ငွေကြေးဝန်ဆောင်မှု	ပုဂ္ဂလိက အသေးစားချေးငွေလုပ်ငန်းရှင်များနှင့်ပ် ချိတ်ဆက်နိုင်ခြင်း

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊ စိုက်ပျိုး မွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူအုပ်စု၊ လူငယ်အုပ်စု။

လေ့လာတွေ့ရှိချက် ။ ။ ကျေးရွာတွင် အမျိုးသားများအတွက် ပန်းရံ၊ လက်သမား ဆောက် လုပ်ရေး အတတ်ပညာများကို ကျေးရွာအုပ်စုအတွင်း ကျွမ်းကျင်ပညာရှင်များထံမှ သင်ယူတတ် မြောက်နိုင်ခြင်း၊ ကား၊ ဆိုင်ကယ်၊ စက်ဘီး၊ တီဗွီ၊ ဖုန်းစသော လက်မှုပညာများကို တိုက်ကြီး၊ ဥက္ကံ စသော မြို့ကြီးများတွင် သွားရောက်သင်ကြားနိုင်သည်။ အမျိုးသမီးများအတွက် တိုက်ကြီး၊ မှော်ဘီ တို့တွင် အထည်ချုပ် စက်ရုံများရှိခြင်း၊ ကျေးလက်ကျန်းမာရေးဌာနနှင့်ပ် ချိတ်ဆက်ပြီး အရံသားဖွား သင်တန်းတက်ရောက်နိုင်ခြင်း၊ ဆံပင်၊ မိတ်ကပ်စသော အလှပြင်သင်တန်းများ တိုက်ကြီးမြို့တွင်ရှိ ခြင်းကြောင့်ပ် အလွယ်တကူ သင်ယူနိုင်သည်။ ဆန်စက်များတည်ထောင်၍ ဒေသတွင်းရှိ စပါးများကို ကြိတ်ခွဲပြီး ပြည်တွင်း၊ ပြည်ပသို့ တင်ပို့နိုင်ခြင်းစသော စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေး ဝမ်းကျောင်း လုပ်ငန်းများအတွက် အခွင့်အလမ်းများကို တွေ့ရှိရသည်။ ငွေကြေးဝန်ဆောင်မှု အနေ ဖြင့်အသေးစားပုဂ္ဂလိက ချေးငွေလုပ်ငန်းရှင်များနှင့်ပ် အလွယ်တကူ ချိတ်ဆက်နိုင်ကြောင်း လေ့လာ တွေ့ရှိရပါသည်။

ဇယား(၂၃-ခ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် ပြဿနာနှင့် အခက် အခဲများ

ပြဿနာနှင့်အခက်အခဲများ	ဖော်ပြချက်/ ရှင်းလင်းချက်
ဆင်းရဲနွမ်းပါးခြင်း	သင်တန်းကြေးမြင့်မားခြင်း
လမ်းပန်းဆက်သွယ်ရေး	စက်ရုံ၊ အလုပ်ရုံများ ဝေးလံခေါင်သီသော အရပ်ဒေသတွင်ရှိခြင်း
ငွေကြေးဝန်ဆောင်မှု	ခက်ခဲ၊ ပုဂ္ဂလိက ချေးငွေလုပ်ငန်းရှင်များ ကျေးရွာသို့မရောက်ရှိခြင်း
အတန်းပညာနည်းခြင်း	အရံသားဖွားနှင့်ပ် အထည်ချုပ်စက်ရုံများတွင် ပညာ၊ အသက် ကန့်သတ် ချက်ရှိခြင်း

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊ စိုက်ပျိုး မွေးမြူရေး မဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူအုပ်စု၊ လူငယ်အုပ်စု။

လေ့လာတွေ့ရှိချက် ။ ။ ကျေးရွာတွင် စိုက်ပျိုးမွေးမြူရေး မဟုတ်သော စီးပွားရေးလုပ်ငန်း လုပ်ကိုင်သူ အများစု၏ အခက်အခဲ၊ ပြဿနာများမှာ ငွေကြေးပြည့်ဝစုံမှုမရှိခြင်း၊ အတန်းပညာ၊ အသက် ကန့်သတ်ချက်ရှိခြင်း၊ အလုပ်အကိုင် အခွင့်အလမ်း ရှားပါးခြင်း စသည့်အချက်များကို လေ့ လာတွေ့ရှိရပါသည်။

(၂.၃) ရွှေပြောင်းလုပ်သားများ

(၂.၃.၁) ရွှေပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

ဇယား (၂၄) ရွှေပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

စဉ်	ပုံစံ	အိမ်ထောင်စု	လူဦးရေ	ပြည်တွင်း	ပြည်ပ

		အရေအတွက်	ကျား	မ	ပေါင်း	ကျား	မ	ပေါင်း	ကျား	မ	ပေါင်း
၁	ရွှေပြောင်းလုပ်သားတစ်ဦး အနည်းဆုံး ရှိသော အိမ်ထောင်စု	၇	၄၃	၄၇	၉၀	၁၉	၂၇	၄၆	၂၄	၂၀	၄၄
၂	ရွှေပြောင်း လုပ်ကိုင်သော ကျေးရွာရှိ လူဦး ရေ	၃၁	၄၃	၄၇	၉၀	၁၉	၂၇	၄၆	၂၄	၂၀	၄၄
၃	ကျေးရွာပြင်ပသို့ ရွှေပြောင်းမှုကာလ										
	၃ လ အထိ	၄	၄	၂	၆	၁	၃	၄	၂	၁	၃
	၆ လ အထိ	၅	၁၃	၇	၂၀	၃	၁	၄	၁၀	၆	၁၆
	၁၂ လ အထိ	၁	-	၁	၁	-	၁	၁	-	-	-
	၁၂ လ အထက်	၂၀	၃၃	၄၁	၇၄	၂၁	၂၉	၅၀	၁၂	၁၂	၂၄

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - စိုက်ပျိုး မွေးမြူရေး မဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူအုပ်စု၊ လူငယ်အုပ်စု။

လေ့လာတွေ့ရှိချက် ။ ။ ကျေးရွာတွင် ရွှေပြောင်းသွားလာ လုပ်ကိုင်သော လူဦးရေ စုစုပေါင်း (၉၀)ဦးရှိပြီး ကျား(၄၃)ဦး၊ မ(၄၇)ဦး အိမ်ထောင်စုအရေအတွက် (၃၁)စုရှိသည်။ ပြည်တွင်းတွင် ကျား(၁၉)ဦး မ(၂၇)ဦး ပေါင်း(၄၆)ဦးရှိပြီး ပြည်ပတွင် ကျား(၂၄)ဦး မ(၂၀)ဦး ပေါင်း(၄၄)ဦးရှိသည်။ ၎င်းတို့၏ ရွှေပြောင်းသွားလာလုပ်ကိုင်ရခြင်း၏ အဓိကအကြောင်းအရင်းမှာ အလုပ်အကိုင်၊ အခွင့်အလမ်းနည်းပါးခြင်း၊ ဆင်းရဲနွမ်းပါးခြင်းတို့ကြောင့် ပိုမိုကောင်းမွန်သော အလုပ်အကိုင်နှင့် ဝင်ငွေ အခွင့်အလမ်းများ ရှာဖွေရန် ရွှေပြောင်းသွားလာရခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(၂.၃.၂) ရွှေပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း

ဇယား (၂၅) ရွှေပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း

စဉ်	အကြောင်းအရာ	လူဦးရေ
၁	ပိုမိုကောင်းမွန်သော အလုပ်အကိုင်နှင့် ဝင်ငွေ အခွင့်အလမ်းများ ရှာဖွေရန်	၉၀
၂	နိုင်ငံရေးနှင့်ဆိုင်သော အကြောင်းရင်း	-
၃	ဒေသတွင်း ပဋိပက္ခဖြစ်ပွားမှုကြောင့် လုံခြုံမှု မရှိသည့် အကြောင်းရင်း	-
၄	အခြား	-

ရင်းမြစ် ... အိမ်ထောင်စုစာရင်း ကောက်ယူမှု။

လေ့လာတွေ့ရှိချက် ။ ။ ကျေးရွာတွင် ရွှေပြောင်းသွားလာရခြင်း၏ အဓိကအကြောင်းရင်းမှာဒေသတွင်း အလုပ်အကိုင်ရှားပါးမှု၊ လုပ်အားခ နည်းပါးခြင်းတို့ကြောင့် ပိုမိုကောင်းမွန်သော အလုပ်အကိုင်နှင့် ဝင်ငွေအခွင့်အလမ်းများ ရှာဖွေရန်အတွက် သွားလာရခြင်းဖြစ်သည်ကို လေ့လာ တွေ့ရှိရပါသည်။

(၂.၃.၃) ရွှေပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ

ဇယား (၂၆) ရွှေပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ

စဉ်	အကြောင်းအရာ	အိမ်ထောင်စု အရေအတွက်

		စုစု ပေါင်း	% ကျေးရွာ အတွင်းရှိ စုစုပေါင်း အိမ်ထောင်စု	မြင့်	လတ်	နိမ့်
၁	ပြန်ပို့ငွေကို မှီခိုနေရသော အိမ်ထောင်စု အရေအတွက်	၁၁	၉.၆၅%	-	✓	-
၂	ပြန်ပို့ငွေ လမ်းကြောင်းများ					
	- ငွေလွှဲလုပ်ငန်း (ဟွန်ဒီ)	-	-	-	-	-
	- ဘဏ်	၆	၅.၂၆%	-	✓	-
	- လူကြုံဖြင့်လွှဲပို့ခြင်း	၅	၄.၃၈%	-	✓	-
	- ငွေလွှဲလုပ်ငန်းနှင့် ဘဏ်	-	-	-	-	-
	- ငွေလွှဲလုပ်ငန်း၊ လူကြုံဖြင့် လွှဲပို့ခြင်း	-	-	-	-	-
	- ဘဏ်နှင့် လူကြုံဖြင့်လွှဲပို့ခြင်း	၁၁	၉.၆၅%	-	✓	-
	- ငွေလွှဲလုပ်ငန်း၊ ဘဏ်နှင့် လူကြုံ ဖြင့်လွှဲပို့ခြင်း	-	-	-	-	-

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက် ။ ။ ကျေးရွာတွင် ရွှေပြောင်းသွားလာလုပ်ကိုင်သူမှ ပြန်ပို့ငွေကို မှီခိုနေရသောအိမ်ထောင်စု(၁၁)စုရှိပြီး ကျေးရွာအတွင်းရှိ စုစုပေါင်းအိမ်ထောင်စု၏ (၉.၆၅%)ရှိနေသည်ကို တွေ့ရှိရသည်။ ဘဏ်မှလွဲသော အိမ်ထောင်စုမှာ(၆)စုရှိပြီး၊ လူကြုံဖြင့်လွှဲသော အိမ်ထောင်စုမှာ(၅)စု ဖြစ်သည်။ ပြန်ပို့ငွေကို မှီခိုနေရသော အိမ်ထောင်စုများ၏ ရပ်တည်မှုအခြေအနေသည် အလယ် အလတ်တွင် တည်ရှိနေသည်ကို လေ့လာတွေ့ရှိရပါသည်။

(၂.၄) ကုန်စည်နှင့် ဝန်ဆောင်မှုဈေးကွက်

ဇယား (၂၇) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

ဈေးကွက်လက်လှမ်းမီမှု	အနီးဆုံးဈေး	အကြီးစားဈေးကွက်
ရွာမှအကွာအဝေး (မိုင်)	ဥက္ကံဈေး (၇)မိုင်	တိုက်ကြီးဈေး (၁၂)မိုင်
သယ်ယူပို့ဆောင်ရေး လမ်းကြောင်း နှင့် ၎င်း၏အထောက်အပံ့များ	မော်တော်ကား၊ လူနှင့်ကုန် ပစ္စည်းများ တင်ဆောင်မှု	ကား၊ လူနှင့် ကုန်ပစ္စည်းများ တင်ဆောင်မှု ထောက်ပံ့
ကုန်စည် အမျိုးအစားနှင့် ဝန်ဆောင်မှု ပေးနိုင်မှု	အမယ်စုံ	အမယ်စုံ၊ အလွန်ကောင်း
ဈေးအခြေခံ အဆောက်အဦနှင့် ဝန်ဆောင်မှု	ဈေးရုံ(၁၉)ရုံရှိပြီး၊ ဈေးဆိုင် ခန်းပေါင်း (၆၉၁)ခန်းရှိ	ဈေးရုံ(၂၄)ရုံရှိပြီး၊ ဈေးဆိုင် ခန်းပေါင်း (၉၆၇)ခန်းရှိ၊ အလွန်ကောင်း

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊ လယ်သမားအုပ်စု၊ အမျိုးသမီးအုပ်စု၊ စိုက်ပျိုး မွေးမြူရေး မဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

လေ့လာတွေ့ရှိချက် ။ ။ ကျေးရွာနှင့် အနီးဆုံးဈေးမှာ ဥက္ကံဈေးဖြစ်သော်လည်း အများစုမှာ တိုက်ကြီးဈေးသို့ သွားကြသည်။ အဘယ်ကြောင့်ဆိုသော် တိုက်ကြီးဈေးမှာ အကြီးစားဈေးကွက်ဖြစ် ခြင်း၊ အမယ်စုံရရှိခြင်း၊ ဝန်ဆောင်မှု အလွန်ကောင်းမွန်ခြင်း၊ ဥက္ကံဈေးထက်ဝေးသော်လည်း သယ်ယူ ပို့ဆောင်ရေးဝန်ဆောင်မှု ပိုမိုကောင်းမွန်မှုတို့ကြောင့် ဖြစ်သည်။

(၂.၅) ငွေကြေး လက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ဇယား (၂၈) ငွေကြေး လက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ချေးငွေရရှိနိုင် သည့်နေရာ	ငွေကြေး ဝန်ဆောင်မှု အမျိုးအစား	ပြန်လည် ပေးဆပ်ရ မည့်ကာလ	အတိုးနှုန်း (လ)	အပေါင်ခံ ပစ္စည်း လိုအပ်မှု	ချေးငွေရရန် အခက်အခဲများ
အစိုးရဘဏ် (စိုက်ပျိုးရေးဘဏ်)	စိုက်ဘဏ်	(၆)လ	၀.၄၂ ပြား	မလို	ပုံစံ(၇)မရှိလျှင်ငွေ ချေးရန်ခက်ခဲခြင်း
ပုဂ္ဂလိကဘဏ်	C.B bank	(၆)လ	၁.၂၅ ပြား	မလို	ပုံစံ(၇) ရှိမှသာ
ပုဂ္ဂလိက၊ အသေးစား၊ ချေးငွေ ဝန်ဆောင်မှုကဏ္ဍ	-	-	-	-	-
အဖွဲ့အလိုက် ငွေစု/ ငွေချေးအစီအစဉ်	-	-	-	-	-
ငွေချေးပေးသူ	အတိုးပေးသူ	-	၆-၁၀ ကျပ်	လို	အာမခံလိုအပ်ခြင်း
အပေါင်ဆိုင်	ငွေချေးခြင်း	(၅)လ	၄-၅ ကျပ်	လို	အပေါင်ပစ္စည်းရှိမှ
မိတ်ဆွေနှင့် ဆွေမျိုးများ	-	-	-	-	-
အခြား	-	-	-	-	-

ရင်းမြစ် ... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊ လယ်သမားအုပ်စု၊ အမျိုးသမီးအုပ်စု၊ စိုက်ပျိုး မွေးမြူရေး မဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူအုပ်စု၊ (၂) သက်ဆိုင်ရာ ငွေကြေးဝန်ဆောင်မှုပေး သောအဖွဲ့များ။

လေ့လာတွေ့ရှိချက် ။ ။ ကျေးရွာတွင် တောင်သူများသည် စိုက်ပျိုးရေးဘဏ်မှ စိုက်ပျိုးစရိတ် ချေးငွေနှောင့်နှေးခြင်း၊ မလုံလောက်ခြင်းတို့ကြောင့် ပြင်ပငွေတိုးပေးသူထံမှ အတိုးနှုန်းကြီးစွာ ချေးယူရသည့်အတွက် စိုက်ပျိုးစရိတ်ချေးငွေပမာဏ တိုးမြှင့်ရန်နှင့် ပြန်လည်ပေးဆပ်ရမည့် အချိန်ကာလကိုလည်း နှစ်ရှည်ထားရှိရန် လိုအပ်ပါသည်။ C.B ဘဏ်ကဲ့သို့သော ပုဂ္ဂလိကဘဏ်များအနေဖြင့် စိုက်ဘစ်ကဲ့သို့သော အတိုးနှုန်းနှင့် နှစ်ရှည်ချေးပေးနိုင်ရန် လိုအပ်ပါသည်။ လယ်ယာမဲ့၊ ကျပန်းလုပ်သားများအတွက် ငွေတိုးပေးသူထံမှ ချေးယူရာတွင် ကနှုံသတ်ချက်ရှိခြင်း၊ အာမခံချက်လိုအပ်ခြင်း၊ အာမခံပစ္စည်းထားရှိခြင်း၊ အတိုးနှုန်းမြင့်မားနေခြင်းတို့ကြောင့် ငွေကြေးလက်လှမ်းမီမှု မရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(၂.၆) ပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်များ စီမံခန့်ခွဲမှု

(၂.၆.၁) ပတ်ဝန်းကျင်နှင့်သဘာဝရင်းမြစ်များ စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ

ဇယား(၂၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ

အခက်အခဲ	အန္တရာယ်ရှိမှု (မြင့်/လတ်/နိမ့်)	ဖော်ပြချက်/ရှင်းလင်းချက်
မြေဆီသြဇာ အခြေအနေ	လတ်	ဓါတုမြေသြဇာ သုံးစွဲခြင်းကြောင့်
အပင်မျိုးစိတ်များ	မြင့်	လောင်စာအဖြစ် သုံးစွဲခြင်းကြောင့်
ဖျက်ပိုးနှင့် ရောဂါကာကွယ် ထိန်းချုပ်မှု	မြင့်	ဓါတုပိုးသတ်ဆေးများ သုံးစွဲ၍ ထိန်းချုပ် ကာကွယ်ရပါသည်။
ရေရင်းမြစ်	လတ်	သစ်တောပြုန်းတီးမှုကြောင့်ရေမလုံလောက်ပါ။
ငါးမျိုးကွဲများ	မြင့်	ဘဏ္ဍာရီ လျော့တိုက်ခြင်း၊ ဆေးချခြင်း

အခက်အခဲ	အန္တရာယ်ရှိမှု (မြင့်/လတ်/နိမ့်)	ဖော်ပြချက်/ရှင်းလင်းချက်
အခြားတိရစ္ဆာန်မျိုးကွဲများ	မြင့်	လူတို့ရှာဖွေစားသောက်မှုကြောင့် နည်းပါးသည်။
စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု	မြင့်	အမှိုက်များ၊ စွန့်ပစ်ပစ္စည်းများကို စနစ်တကျ မစွန့်ပစ်ခြင်းကြောင့်

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက် ။ ။ ကျေးရွာတွင် စိုက်ပျိုးရေးနည်းပညာ လက်လှမ်းမမီခြင်းကြောင့် မြေဆီ၊ မြေဩဇာအခြေအနေ၊ အပင်မျိုးစိတ်များ၊ ဖျက်ပိုးနှင့် ရောဂါကာကွယ်ထိန်းချုပ်မှုများ၏ အန္တရာယ်ရှိ မှုမှာ မြင့်မားနေသည်ကို တွေ့ရှိရသည်။ သစ်တောများပြုန်းတီးမှုကြောင့် ရာသီဥတုများ မမှန်သည့် အတွက် ရေရင်းမြစ်မှာ လုံလောက်စွာမရရှိပါ။ ငါးရစ်ငါးသန်များဖမ်းဆီးခြင်း၊ ကျင်စက်ထိုးခြင်း၊ ဓါတုဆေးဝါးများ မဆင်မခြင် သုံးစွဲမှုကြောင့် ငါးမျိုးကွဲများ၏ အန္တရာယ်မှာ မြင့်မားနေသည်ကို တွေ့ ရှိရပါသည်။ အခြားတိရစ္ဆာန်မျိုးကွဲများမှာလည်း လိုက်လံဖမ်းဆီးမှုကြောင့် အန္တရာယ်ရှိမှုမှာ မြင့်မား နေသည်။ အမှိုက်များကို စည်းကမ်းမဲ့စွာ စွန့်ပစ်ခြင်း၊ မီးရှို့ခြင်းတို့ကြောင့် ကာဗွန်ဒိုင်ဓါတ်ငွေ့များ ဆုံးရှုံးမှုများကြောင့် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု အန္တရာယ်ရှိမှုမှာ မြင့်မားနေသည်ကို တွေ့ရှိရပါသည်။

(၂.၇) ပညာရေး

(၂.၇.၁) ပညာရေးနှင့် စာတတ်မြောက်မှု

ဇယား (၃၀) မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း

အတန်းပညာပြီးမြောက်မှု	ကျား	မ	ပေါင်း	၉ နှစ်နှင့်အထက်လူဦးရေ၏%
စာမတတ်သူဦးရေ	၇	၃၄	၄၁	၉.၃၆%
ဘုန်းကြီးကျောင်းသင်ပညာရေး	၁၁	၂၁	၃၂	၇.၃၀%
မူလတန်းပညာရေး မပြီးဆုံးသူဦးရေ	၈၃	၈၈	၁၇၁	၃၉.၀၄%
မူလတန်းပညာရေး ပြီးဆုံးသူဦးရေ	၁၀၀	၇၇	၁၇၇	၄၀.၄၁%
အလယ်တန်းပညာရေး ပြီးဆုံးသူဦးရေ	၁၀	၄	၁၄	၃.၁%
အထက်တန်းပညာရေး ပြီးဆုံးသူဦးရေ	-	၂	၂	၀.၄၅%
တက္ကသိုလ်ပညာ ပြီးဆုံးသူဦးရေ	-	၂	၂	၀.၄၅%
၉ နှစ်နှင့်အထက် လူဦးရေပေါင်း	**၂၁၁**	**၂၂၇**	**၄၃၈**	**၁၀၀%**

ရင်းမြစ် ...အိမ်ထောင်စုစာရင်း ကောက်ယူမှု။

လေ့လာတွေ့ရှိချက် ။ ။ ကျေးရွာတွင် စာမတတ်သူဦးရေပေါင်း (၄၁)ဦးရှိပြီး၊ ဘုန်းကြီးကျောင်း သင်ပညာရေးမှာ ကျားမပေါင်း(၃၂)ဦး၊ မူလတန်းပညာရေး မပြီးဆုံးသူဦးရေ (၁၇၁)ဦးရှိပြီး ပြီးဆုံး သူမှာ(၁၇၇)ဦး ရှိပါသည်။ အလယ်တန်းပညာရေး ပြီးဆုံးသူဦးရေ (၁၄)ဦး၊ အထက်တန်းပညာရေး ပြီးဆုံးသူဦးရေ(၂)ဦးနှင့် တက္ကသိုလ်ပညာ ပြီးဆုံးသူ(၂)ဦးရှိပါသည်။ စာတတ်မြောက်နှုန်းမှာ မူလ တန်းအဆင့်၌ များပြားနေသည်ကို လေ့လာတွေ့ရှိရပါသည်။

(၂.၇.၂) ကျောင်းတက်နှုန်း

ဇယား(၃၁) ကျောင်းတက်နှုန်း

ပညာရေးအဆင့်အတန်း	ကျား	မ	ပေါင်း	စုစုပေါင်းကျောင်းနေအရွယ် လူဦးရေ၏%

ပညာရေးအဆင့်အတန်း	ကျား	မ	ပေါင်း	စုစုပေါင်းကျောင်းနေအရွယ် လူဦးရေ၏%
မူလတန်း (၅-၉နှစ်)	၄၁	၂၅	၆၆	၄၇.၁၄%
အလယ်တန်း (၁၀-၁၄နှစ်)	၄၁	၃၁	၇၂	၅၁.၄၃%
အထက်တန်း (၁၅-၁၆ နှစ်ကြား)	၁	၁	၂	၁.၄၃%
တက္ကသိုလ် ကျောင်းသား၊ သူ	-	၂	၂	၁.၄၃%

ရင်းမြစ် ... (၁) ကျောင်းဝင်စာရင်း၊ (၂) ဆယ်အိမ်မှူးများ။

လေ့လာတွေ့ရှိချက် ။ ။ကျေးရွာရှိ ကျောင်းနေအရွယ် မူလတန်း(၅-၉)နှစ်တွင် (၆၆)ဦး၊ အလယ် တန်း(၁၀-၁၄)နှစ်တွင် (၇၂)ဦး၊ အထက်တန်း(၁၅-၁၆)နှစ်တွင် (၂)ဦး၊ တက္ကသိုလ်ကျောင်းသူ (၂)ဦး သာလျှင်ပညာသင်ကြားနိုင်သည်။ မိသားစု စီးပွားရေးမပြည့်စုံမှုကြောင့် အလုပ်ထွက်လုပ်ရခြင်း၊ တွဲဘက်အထက်တန်းကျောင်းနှင့် ကျေးရွာအကြား(၃)မိုင်ခန့် ဝေးကွာခြင်း၊ လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှုကြောင့် အရွယ်ငယ် ကျောင်းသားများအတွက် မိဘများစိတ်မချခြင်း စသည်တို့ကို တွေ့ရှိရ သည်။ အကယ်၍သာ မူလွန်ကျောင်း ချမှတ်ပေးမည်ဆိုပါက ထိုအခက်အခဲများကို ဖြေရှင်းနိုင်မည် ဖြစ်သည်။

(၂.၇.၃) စာသင်ကျောင်းဆောင်အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား (၃၂) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

အကြောင်းအရာ	မူလတန်းကျောင်း					
ရွာမှအကွာအဝေး (မိုင်)	(၄)ဖာလုံခန့်၀်					
သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု	ခြေလျင်၊ စက်ဘီး					
စာသင်ကျောင်းအရွယ်အစား (အလျား၊ အနံ၊ အမြင့်)	အလျား(၆၀')၊ အနံ(၄၀')၊ အမြင့်(၁၈') (၂)ဆောင်					
အမိုး၊ နံရံ၊ အခင်း အရည်အသွေး	သင့်၀်					
ကျောင်းသုံးပရိဘောဂ (လုံလောက်မှုရှိ/ မရှိ)နှင့် ကျောင်းအိမ်သာ အခြေအနေ	လုံလောက်မှု မရှိပါ။ အသင့်၀်တင့်၀်သာ ရှိပါသည်။					
ကျောင်းအာဟာရ တိုက်ကျွေးမှု (အာဟာရ အမျိုးအစားနှင့် ကြိမ်ရေ)	နို့ထမင်း (၁)နှစ် (၁)ကြိမ်သာ					
ကျောင်းဆရာဦးရေ	**ကျား**	**မ**	**ပေါင်း**	**ကျား**	**မ**	**ပေါင်း**
အစိုးရခန့်	၂	၃	၅	-	-	-
ကျေးရွာခန့်	**-**	-	-	**-**	**-**	**-**

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

လေ့လာတွေ့ရှိချက် ။ ။ကျေးရွာတွင် စာသင်ကျောင်းမှာ (၄)ဖာလုံခန့်၀်တွင် တည်ရှိပါ သည်။ ကျောင်းသို့ ခြေလျင်၊ စက်ဘီးဖြင့်၀် သွားကြပါသည်။ ကျေးရွာ၏ စာသင်ကျောင်းဆောင် အရွယ်အစားမှာ အလျား(၆၀)ပေ၊ အနံ(၄၀)ပေ၊ အမြင့်(၁၈)ပေ အရွယ်ရှိ ကျောင်းဆောင်(၂)ဆောင် တွင်သင်ကြားပေးပါသည်။ လက်ရှိကျောင်းသား ဦးရေ(၈၈)ယောက်ရှိပြီး ပညာသင်ယူလျက် ရှိပါ သည်။ ကျောင်းသုံးပရိဘောဂများမှာ လုံလောက်မှုမရှိပေ။ ကျောင်းအိမ်သာမှာလည်း အသင့်၀်အတင့်၀် သာကောင်းမွန်ပါသည်။ ကျောင်းအာဟာရ တိုက်ကျွေးမှုမှာ (၁)နှစ်လျှင် (၁)ကြိမ်သာရှိသည့်၀်အတွက် တိုး၍တိုက်ကျွေးနိုင်ပါက ပိုမိုကောင်းနိုင်မည်ဖြစ်ကြောင်း၊ ဆရာ/ဆရာမများထံမှ သိရှိရသည်။ ကျောင်းအုပ်(၁)ဦး၊ ဆရာ(၁)ဦး၊ ဆရာမ(၂)ဦးနှင့်၀် စာသင်လုပ်သား(၁)ဦး ပေါင်း(၅)ဦးသာရှိ၍ လုံလောက်မှု မရှိပါ။ ပညာရေးဌာနမှ ဝန်ထမ်းများထပ်မံချမှတ်ပေးခြင်း၊ မူလွန်ကျောင်းများ ချမှတ် ပေးမည်ဆိုပါက ပိုမိုကောင်းမွန်သော ပညာရေးစနစ်ကို တက်လှမ်းနိုင်မည်ဖြစ်ပါသည်။

(၂.၇.၄) ပညာရေးအခက်အခဲနှင့်ပြဿနာများ

ဇယား (၃၃) ပညာရေး အခက်အခဲနှင့် ပြဿနာများ

အခက်အခဲ/ပြဿနာ	ရှင်းလင်းချက်
ကျောင်းဆရာ/မ ဦးရေ	(၅) ဦး
တပည့် - ဆရာ အချိုး	လုံလောက်မှု ရှိပါသည်။
မူလတန်းပညာ ကျောင်းထွက်နှုန်း	(၃)ဦးရှိပါသည်။ မိဘများ၌ပြောင်းသွားလာခြင်းကြောင့်
မသန်စွမ်းသူများအတွက် ပညာရေး အထူးအစီအစဉ်	မရှိပါ။
ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာ	လုံလောက်မှု မရှိပါ။
ဆင်းရဲသော မိသားစုများအတွက် ကျောင်းစရိတ် မတတ်နိုင်မှု	ကျောင်းဝင်ကြေးကို အစိုးရမှ အခမဲ့ ရရှိသော်လည်း ရေးစာအုပ် လုံလောက်မှု မရှိပါ။
ကျောင်းအားကစားဆိုင်ရာ ပစ္စည်းများ လက်လှမ်းမီမှု	မရှိပါ။ ကျောင်းအားကစားကွင်း သီးသန့်မရှိ။
မိဘဆရာအသင်း၏ အခန်းကဏ္ဍ	ဆွေးနွေးညှိနှိုင်းမှု အားနည်းခြင်း

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

လေ့လာတွေ့ရှိချက် ။ ။ ကျေးရွာတွင် ဆရာ/ဆရာမ(၅)ဦးရှိသည့်အနက် ကျောင်းအုပ်မှာ မကြာခဏအစည်းအဝေးပွဲများ တက်ရောက်ရသည့်အတွက် သင်ကြားမှုတွင် လစ်ဟာမှုများရှိနေသည်။ မိဘများ၏ ဆင်းရဲနွမ်းပါးမှုကြောင့် မူလတန်းပညာရေးကို ဆက်လက်မသင်ကြားနိုင်သော ကျောင်းသားများကိုလည်း တွေ့ရှိရပါသည်။ ယခုအခါ အစိုးရ၏ စာမတတ်သူပပျောက်ရေး အခမဲ့ပညာရေး စနစ်အား အကောင်အထည် ဖော်ဆောင်လျက်ရှိသော်လည်း မိဘများ၏ ဆင်းရဲနွမ်းပါးမှုကြောင့် ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာများ၊ ဝတ်စားဆင်ယင်မှုစသော အခက်အခဲများကို တွေ့ရ သည်။ သတ်မှတ်ထားသော အားကစားမရှိသည့်အတွက် အားကစားဆိုင်ရာ ပစ္စည်းများလည်း လက် လှမ်းမီနိုင်မှု မရှိပေ။ မိဘဆရာအသင်း၏ အခန်းကဏ္ဍမှာလည်း အလွန်အားနည်းကြောင်း လေ့လာ တွေ့ရှိရပါသည်။

(၂.၈) ကျန်းမာရေးနှင့်အာဟာရ

(၂.၈.၁) အဖြစ်များသောရောဂါများ

ဇယား (၃၄) အဖြစ်များသော ရောဂါများ

စဉ်	ရောဂါ	ပျံနှံ့မှု/ဖြစ်ပွားမှု			မှတ်ချက် / သုံးသပ်ချက်
		မြင့်	နိမ့်	မရှိ	
၁	ဝမ်းပျက်ဝမ်းလျှောက	-	✓	-	သောက်သုံးရေ သန့်ရှင်းစွာရရှိခြင်း
၂	သွေးလွန်တုပ်ကွေး	-	✓	-	ရေမြောင်းများ ပိတ်ဆို့ခြင်း
၃	ငှက်ဖျား	-	-	✓	ဆေးစိမ်ခြင်ထောင်ဖြင့် အိပ်စက်ခြင်း
၄	အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါ	-	-	✓	လူနေကျဲပါးခြင်း
၅	HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများ	-	-	✓	ကျန်းမာရေးဗဟုသုတရှိ၍ ရှောင်ရှား နိုင်ခြင်း
၆	တီဘီ	-	✓	-	ကျန်းမာရေးဗဟုသုတရှိကြပါသည်။
၇	ဆီးချို	-	✓	-	ကျန်းမာရေးအသိပညာ အားနည်းခြင်း
၈	သွေးတိုး	✓	-	-	အငန်အလွန်စားသုံးခြင်း
၉	အသည်းရောဂါ (ဘီ၊ စီ)	-	-	✓	ကျန်းမာရေးဗဟုသုတရှိကြပါသည်။

စဉ်	ရောဂါ	ပျံနှံ့မှု/ဖြစ်ပွားမှု			မှတ်ချက် / သုံးသပ်ချက်
		မြင့်	နိမ့်	မရှိ	
၁၀	အာဟာရ ချို့တဲ့မှု	-	✓	-	စားဝတ်နေရေး အခက်အခဲကြောင့်
၁၀	အခြားကူးစက်နိုင်သော ရောဂါများ	-	-	✓	မဖြစ်ပွားပါ။

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု (၂) ကျေးလက်ကျန်းမာ ရေးဌာန/ ကျေးလက်ကျန်းမာရေးဌာနခွဲ။

လေ့လာတွေ့ရှိချက် ။ ။ ကျေးရွာတွင် ဝမ်းပျက်၊ ဝမ်းလျောရောဂါ တစ်ခါတစ်ရံ အစား မှားခြင်းကြောင့် သာဖြစ်ပွားတတ်ပါသည်။ မိုးရာသီ သွေးလွန်တုတ်ကွေးရောဂါ ဖြစ်ပွားမှု နိမ့်ပါ သည်။ ခြင်ကိုက်မခံရအောင် နေထိုင်ပါသည်။ သစ်တောနှင့်ဝေး၍ ငှက်ဖျားရောဂါ မဖြစ်ပွားပါ။ လူနေကျဲပါးခြင်းကြောင့် အသက်ရှူလမ်းကြောင်းမှ ဖြစ်ပွားသောရောဂါများ မဖြစ်ပွားပါ။ HIV, AIDS ကျန်းမာရေးအသိ ရှိကြသောကြောင့် ရှောင်ရှား နိုင်ပါသည်။ ကျန်းမာရေးဗဟုသုတရှိကြ၍ တီဘီရောဂါဖြစ်ပွားမှု နည်းပါးပါသည်။ ကျန်းမာရေးအသိရှောင်ရန် တို့ကိုမသိကြခြင်းကြောင့် ဆီးချိုရောဂါဖြစ်ပွားသူ အနည်းငယ်ရှိကြပါသည်။ အစားအစာမရှောင်ကျဉ်ခြင်း၊ အဆီအစိမ့်အစား များခြင်းကြောင့် သွေးတိုးရောဂါဖြစ်ပွားမှု မြင့်မားပါသည်။ စားဝတ်နေရေး အခက်အခဲများကြောင့် အာဟာရချို့တဲ့သော မိသားစုများရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(၂.၈.၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

ဇယား (၃၅) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

စဉ်	ကာကွယ်ဆေးထိုးခြင်း	ရှိ	မရှိ	မှတ်ချက် / သုံးသပ်ချက်
၁	အဆုတ်ရောဂါ	✓	-	ကျန်းမာရေးဌာနမှ စီမံချက်ဖြင့် ထိုးနှံပေးခြင်း
၂	ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ	✓	-	ကျန်းမာရေးဌာနမှ စီမံချက်ဖြင့် ထိုးနှံပေးခြင်း
၃	ပိုလီယိုရောဂါ	✓	-	ကလေးငယ်များအား လာရောက်ထိုးနှံ ပေးပါသည်။
၄	မေးခိုင် (ကိုယ်ဝန်ဆောင် ကာလအတွင်း)	✓	-	ကိုယ်ဝန်ဆောင်မိခင်များအတွက် လိုအပ်သော ကာကွယ်ဆေးများ စီမံချက်ဖြင့် ထိုးပေးသည်။
၅	ဝက်သက်ရောဂါ	✓	-	ကလေးငယ်များအား လာရောက်ထိုးနှံ ပေးပါသည်။
၆	အခြား စုပေါင်းကာကွယ် ဆေးထိုးနှံမှု	✓	-	ကျန်းမာရေးဌာနမှ စီမံချက်ဖြင့် ထိုးနှံပေးခြင်း
၇	အာဟာရ မှတ်တမ်းယူမှု (အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်)	✓	-	စာသင်ကျောင်းများတွင် လာရောက် မှတ်တမ်းယူ ပါသည်။
၈	အာဟာရပညာပေး အစီအစဉ်	✓	-	ကျန်းမာရေးဌာနမှ ဆောင်ရွက်ပေးပါသည်။

ရင်းမြစ် ... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု၊ (၂) ကျေးလက်ကျန်းမာ ရေးဌာန/ ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက် ။ ။ ကျေးရွာတွင် မေးခိုင်ကာကွယ်ဆေး ကလေးငယ်များအား ထိုးပေး ပါသည်။ ပိုလီယိုရောဂါ၊ ဝက်သက်ရောဂါ ကာကွယ်ဆေးတို့ကိုလည်း ကလေးများအား လာရောက် ထိုးနှံပေးပါသည်။ အခြား စုပေါင်းကာကွယ်ဆေး ထိုးခြင်းများကိုလည်း ကျန်းမာရေးဌာနမှ စီမံချက် ဖြင့် လာရောက်ထိုးနှံပေးပါသည်။ ကိုယ်ဝန်ဆောင်သည်များအား တာဝန်ကျ ဆရာမများမှ လာ ရောက်ထိုးနှံပေးပါသည်။ အရပ်၊ အမြင့်၊ ကိုယ်အလေးချိန်၊ လက်မောင်းပတ်ခြင်းတို့ကို စာသင်

ကျောင်းများတွင် လာရောက်မှတ်တမ်းယူကြောင်း လေ့လာတွေ့ရှိရပါသည်။

(၂.၈.၃) ကျန်းမာရေးအထောက်အပံ့များ (ဆေးရုံ/ဆေးပေးခန်းများ)

ဇယား (၃၆) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ကျန်းမာရေး ဝန်ဆောင်မှု	ခရီး အကွာ အဝေး (မိုင်)	အခန်း/ ကုတင် (လုံလောက်မှုရှိ /မရှိ)	ကျန်းမာရေး ဝန်ထမ်းဦးရေ	ဆေးနှင့်ပတ်သက်သော အသုံးအဆောင်ပစ္စည်း များ (လုံလောက်မှု/ မလုံလောက်မှု)	မှတ်ချက်
ကျေးလက် ကျန်းမာရေး ဌာန	၁/၅ မိုင်	မရှိ	ကျန်းမာရေးမှူး- သားဖွားဆရာမ - (၁) အရံသားဖွားဆရာမ- ကြီးကြပ် (၁) - ကြီးကြပ် (၂) - တိုင်းရင်းဆေးကု- အရပ်လက်သည်-	လုံလောက်မှုမရှိ (စပါးကိုင်းကျေးရွာ အုပ်စုကျန်းမာရေးဌာန ခွဲ၌ သားဖွားဆရာမ (၁)ဦးသာ ရှိသည်။)	
တိုက်နယ် ဆေးရုံ	(၇)မိုင်	ရှိ	ဆရာဝန် - (၁) လ/ထ - (၁) ကျန်းမာရေးမှူး- သူနာပြု - သားဖွားဆရာမ - အရံသားဖွားဆရာမ- ဓာတ်ခွဲကျွမ်းကျင်-	လုံလောက်မှု ရှိပါသည်။	
မြို့နယ် ဆေးရုံ			ဆရာဝန် - လ/ထ - ကျန်းမာရေးမှူး- သူနာပြု - သားဖွားဆရာမ - အရံသားဖွားဆရာမ- ဓာတ်ခွဲကျွမ်းကျင်-		
